ကြေးမုံ
The Mirror
၁၃၇၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၂ ရက်၊ ကြာသပတေးနေ့၊ (8-7-2010) (၆၄၅၃)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး မြစ်ကြီးနားမြို့ ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၇

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၄ ရက်တွင် မြစ်ကြီးနားမြို့နယ် ပိတောက်ဒေသရှိ ပုဂ္ဂလိက ရော်ဘာစိုက်ခင်းသို့ရောက်ရှိရာ တာဝန်ရှိသူများက ရော်ဘာပင်များစိုက်ပျိုးထားရှိမှုနှင့် ဖြစ်ထွန်းအောင်မြင်မှု အခြေအနေများကို လိုက်လံရှင်းလင်းပြသကြပြီး ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လိုအပ်သည်များ မှာကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

နေပြည်တော်ပျဉ်းမနားမြို့နယ် သစ်ဆိမ့်ပင်ကျေးရွာအနီး တည်ဆောက်ပေးထားသော ပေါင်းလောင်းရေလွှဲဆည်ကို တွေ့ရစဉ်။

တန်ဖိုးမဖြတ်နိုင်သည့် ဆည်တမံကဏ္ဍ မြှင့်တင်ဆောင်ရွက်မှုများ

သတင်းဆောင်းပါး - မောင်မောင်မျိုး (ပဲခူး)

ဓာတ်ပုံမှတ်တမ်း - ကြေးမုံ

အဆင်အပြင် - ဖြိုးစန္ဒာမြင့်

သဘာဝမြေသယံဇာတ၊ ရေသယံဇာတ ပေါများလှသည့် မြန်မာနိုင်ငံသည် ပထဝီဝင်မြေအနေအထားနှင့် တောတောင်ရေမြေသဘာဝအရ စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် အခြားစီးပွားရေးကဏ္ဍများကို ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရာတွင် စိုက်ပျိုးရေးကဏ္ဍအတွက် အထောက်အကူပြုနိုင်ရန် စိုက်ပျိုးရေ ရရှိရေး ဆည်တမံစီမံကိန်း၊ မြစ်ရေတင် စီမံကိန်းနှင့် မြေအောက်ရေ ရရှိရေးစီမံကိန်းများကို အကောင်အထည်ဖော် တည်ဆောက်ပေးလျက်ရှိသည်။

စွမ်းအားကျဆင်း

မြန်မာနိုင်ငံ ခေတ်အဆက်ဆက် တည်ဆောက်ပြီးစီးခဲ့သည့် ဆည်မြောင်းလုပ်ငန်းများကို လေ့လာကြည့်လျှင် ရှေးမြန်မာမင်းများလက်ထက်မှစ၍ ၁၉၆၂ ခုနှစ်အထိ ဆည် ၆၉ ခုရှိပြီး အကျိုးပြုမြေဧရိယာ ၈၅၃၂၈၄ ဧကရှိခဲ့ကြောင်း သမိုင်းမှတ်တမ်းများအရ သိရသည်။ ထို့အတူ ၁၉၆၂ ခုနှစ်မှ ၁၉၈၈ ခုနှစ်အတွင်း ဆည်တမံပေါင်း ၆၉ ခုသာ တည်ဆောက်နိုင်ခဲ့ပြီး အကျိုးပြုမြေဧရိယာ ၄၈၂၉၁၅ ဧကသာ ရှိခဲ့ကြောင်း သိရသည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့**✳

ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ် ကဒပွန ကျေးရွာအနီးရှိ စိုက်ပျိုးမြေများအတွက် ရေပေးဝေလျက်ရှိသော ကဒပွနရေထိန်းတံခါးကို တွေ့ရစဉ်။

ကြေးမုံ The Mirror

၈-၇-၂၀၁၀
(ကြာသပတေးနေ့)

သင်ကြားမှုအရည်အသွေး မြှင့်တင်

ထူးချွန်ထက်မြက်လူငယ်များ ပျိုးထောင်မွေးထုတ်

မျက်မှောက်အချိန်အခါတွင် ပြည်သူတစ်ရပ်လုံးမျှော်မှန်းသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်နေသည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံ ဖြစ်ပေါ်လာရေးတွင် အမျိုးသားပညာရည်မြင့်မားမှု စွမ်းရည်သည် အဓိကအခန်းကဏ္ဍမှ ပါဝင်နေသည်။

အရည်အသွေးမြင့်မားသည့် အသိပညာရှင်၊ အတတ်ပညာရှင်များ စဉ်ဆက်မပြတ်မွေးထုတ်ပေးနိုင်ရေး အစီအမံများ ချမှတ်ဖော်ဆောင်နေသည်။ အနာဂတ်နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံများနှင့် လိုက်လျောညီထွေရှိမည့် အမျိုးသားပညာရည်မြင့်မားရေး အနှစ်(၃၀) နှစ်ရှည်စီမံကိန်းကို ချမှတ်ထားပြီး အခြေခံပညာကဏ္ဍနှင့် အဆင့်မြင့်ပညာကဏ္ဍတို့ အဆင့်ဆင့် ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းလျက်ရှိသည်။ နိုင်ငံသားတိုင်း အခြေခံပညာအဆင့်အလိုက် သင်ယူပြီးမြောက်စေရေးသည် ဦးစားပေးလုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်။

အခြေခံပညာသင်ယူရန် အရွယ်ရောက်သူတိုင်း ကျောင်းနေနိုင်ရေးအတွက် ကျောင်းဖွင့်ရာသီတွင် ကျောင်းအပ်နှံရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် လှုပ်ရှားဆောင်ရွက်ခဲ့သည်။ ကျောင်းအသီးသီးသို့ ဝင်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများ ကျောင်းနေမြဲရေး၊ ကျောင်းထွက်နှုန်းလျော့နည်းရေး၊ အတန်းကူးပြောင်းသင်ယူနှုန်း မြင့်မားရေး၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက် မြင့်မားရေးလုပ်ငန်းများကို ဆက်လက်ကြိုးပမ်းကြရပေဦးမည်။

ကျောင်းသား၊ ကျောင်းသူများအား အရေအတွက်မှ အရည်အချင်းသို့ ကူးပြောင်းပြီး ထူးချွန်ထက်မြက်လာစေရေး လုံ့လစိုက်ထုတ် သင်ကြားပေးကြရမည်ဖြစ်သည်။ လူငယ်၊ လူရွယ်များအား ပုံဖော်တည်ဆောက်ပေးနေသူ ဆရာ၊ ဆရာမများအနေဖြင့်လည်း ဘာသာရပ်ဆိုင်ရာများ ကျွမ်းကျင်တတ်မြောက်ရေး၊ သင်ကြားမှုအရည်အသွေး ပြည့်ဝနေစေရေး စဉ်ဆက်မပြတ် ဆည်းပူးလေ့လာနေကြရမည်ဖြစ်သည်။

နိုင်ငံတော်က အခြေခံပညာအဆင့်အလိုက် သင်ကြားမှုအရည်အသွေးမြှင့်တင်ရေးအတွက် ဆရာ၊ ဆရာမများအား သင်ကြားရေးမွမ်းမံသင်တန်းများ၊ ဉာဏ်သစ်လောင်းသင်တန်းများ ဖွင့်လှစ်ပေးနေသည်။ လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ ဒီပလိုမာသင်တန်းများ၊ ဆရာအတတ်ပညာကျွမ်းကျင်မှုဒီပလိုမာသင်တန်းများ၊ ပညာရေးဘွဲ့သင်တန်းများ ဆက်လက်တက်ရောက်နိုင်ရေး စီစဉ်ပေးနေပြီဖြစ်သည်။

ဆရာ၊ ဆရာမများအနေဖြင့် အခြေခံပညာအဆင့် ကျောင်းသား၊ ကျောင်းသူများအား ပြုစုပျိုးထောင်ရာတွင် ထိုးထွင်းကြံဆမှု၊ တီထွင်ဖန်တီးမှု၊ ပြဿနာဖြေရှင်းနိုင်မှုနှင့် ဝေဖန်ပိုင်းခြားနိုင်မှု အရည်အသွေးများ ပြည့်ဝလာစေရေး၊ ကလေးဗဟိုပြုသင်ယူမှု ချဉ်းကပ်နည်းဖြင့် လေ့ကျင့်သင်ကြားပေးကြရပေမည်။ လူငယ်၊ လူရွယ်များအားလုံး စာပေပညာ ထူးချွန်ထက်မြက်ရုံသာမက လူမှုဆက်ဆံရေး၊ စာရိတ္တကောင်းမွန်ရေး၊ အတွေးအမြင်အလေ့အထကောင်းများ ပြည့်ဝလာစေရေး လေ့ကျင့်သင်ကြားပေးခြင်းဖြင့် စွမ်းဆောင်ရည်မြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ်ပေါ်ထွက်လာနေမည်ဖြစ်ပါသည်။ ။

ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၅၈) သီဟတပ်ခွဲ ကျောင်းဆင်းအရာရှိများက နှစ်(၃၀)ပြည့် ပုလဲရတုအထိမ်းအမှတ်အဖြစ် ရွှေတိဂုံစေတီတော် တနင်္ဂနွေထောင့်ရှိ မြေစိုက်စေတီအမှတ်(၃၈)အား ရွှေသင်္ကန်းကပ်လှူရန် ငွေကျပ် ၁၅ သိန်းကို ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သရက်စိုက်ပျိုး

ဇူလိုင် ၆ ရက်က နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့် သရက်ပင် စိုက်ကွက်များအတွင်း ဝန်ထမ်းများ စိန်တလုံးသရက်ပင် စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးစဉ်။
(သတင်း-ဖော်ပြပြီး)

(သတင်းစဉ်)

ကမ္ဘာ့လူဦးရေနေ့ ပိုစတာပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ဖိတ်ခေါ်ရောင်စုံဓာတ်ပုံပြိုင်ပွဲနှင့် ဖိတ်ခေါ်ဆောင်းပါးပြိုင်ပွဲ ဆုရသူများစာရင်းကြေညာ

နေပြည်တော် ဇူလိုင် ၇

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ၂၀၁၀ ခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် ပိုစတာပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ဖိတ်ခေါ်ရောင်စုံဓာတ်ပုံပြိုင်ပွဲနှင့် ဖိတ်ခေါ်ဆောင်းပါးပြိုင်ပွဲများတွင် ဆုရရှိသူများစာရင်းကို ပြည်သူ့အင်အားဦးစီးဌာနက ထုတ်ပြန်ကြေညာလိုက်သည်။

(ယမန်နေ့မှအဆက်)

စာစီစာကုံးပြိုင်ပွဲ

စာစီစာကုံးပြိုင်ပွဲ ဆုရရှိသူများမှာ တက္ကသိုလ်၊ ကောလိပ်အဆင့်တွင် ပထမဆု မဆုမွန်ဦး တတိယနှစ် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် (ပျဉ်းမနား) နေပြည်တော်၊ ဒုတိယဆု မစန္ဒာအောင် ဒုတိယနှစ် သူနာပြုတက္ကသိုလ်သင်တန်းကျောင်း ကျိုင်းတုံ ရှမ်းပြည်နယ်(အရှေ့)၊ တတိယဆု မောင်ခန့်ကျော်ခိုင် ပထမနှစ် နည်းပညာတက္ကသိုလ် လွိုင်ကော် ကယားပြည်နယ်တို့ ရရှိကြပြီး အထူးဆု-၁ မလဲ့စန္ဒာမွန် DTEC-A ပညာရေးကောလိပ် မော်လမြိုင် မွန်ပြည်နယ်၊ အထူးဆု-၂ မဝင့်ဝါဖြိုး BE.EC-26 နည်းပညာတက္ကသိုလ် မုံရွာ စစ်ကိုင်းတိုင်း၊ အထူးဆု-၃ မစပယ်ဖြူထွန်း မဟာဝိဇ္ဇာ ဒုတိယနှစ် လားရှိုးတက္ကသိုလ် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ အထူးဆု-၄ မအိခိုင်ဇင်ကျော် ပထမနှစ် ပညာရေးကောလိပ် ပြည်မြို့ ပဲခူး(အနောက်)၊ အထူးဆု-၅ မနန်းပွင့်ရွှေရည်ဖူး ဂုဏ်ထူးတန်း (Civil) ကွန်ပျူတာသိပ္ပံနည်းပညာတက္ကသိုလ် ဘားအံ ကရင်ပြည်နယ်တို့ ရရှိကြသည်။

အခြေခံပညာအထက်တန်းအဆင့်တွင် ပထမဆု မကေဇင်နိုင် အ၄မတန်း အထက(၁) မုံရွာ စစ်ကိုင်းတိုင်း၊ ဒုတိယဆု မခင်ခင်ဝင်း န၀မတန်း အထက(၂) စစ်တွေ ရခိုင်ပြည်နယ်၊ တတိယဆု မအိချယ်ငြိမ်း အ၄မတန်း အထက(၃) မြိတ် တနင်္သာရီတိုင်း တို့ရရှိကြပြီး အထူးဆု-၁ မခင်ချမ်းမြေ့ န၀မတန်း အထက(၄)တောင်ကြီး ရှမ်းပြည်နယ် (တောင်ပိုင်း)၊ အထူးဆု-၂ မစန္ဒီမို့မို့ န၀မတန်း အထက(၂) စမ်းချောင်း ရန်ကုန်တိုင်း၊ အထူးဆု-၃ မချစ်ဝတ်မှုံ ဒသမတန်း အထက(၂) ကျိုင်းတုံ ရှမ်းပြည်နယ် (အရှေ့)၊ အထူးဆု-၄ မမင်ဇူအောင် အ၄မတန်း အထက(၁၆) ချမ်းအေးသာစံ မန္တလေးတိုင်း၊ အထူးဆု-၅ မလင်းချယ်ရီစန်း န၀မတန်း အထက(၆)ပုသိမ် ဧရာဝတီတိုင်း တို့ရရှိကြသည်။

အခြေခံပညာအလယ်တန်းအဆင့်တွင် ပထမဆု မအောင်ယသော်ထက် သတ္တမတန်း အမက(၅)မူလွန် မကွေးတိုင်း၊ ဒုတိယဆု မောင်သူရတင် သတ္တမတန်း အထက(၂) လမ်းမတော် ရန်ကုန်တိုင်း၊ တတိယဆု မသင်းရတနာအောင် သတ္တမတန်း အလက(၃) မြစ်ကြီးနား ကချင်ပြည်နယ် တို့ရရှိကြပြီး အထူးဆု-၁ မထက်ဝတီအောင် ဆဌမတန်း အလက (၁)မြိတ် တနင်္သာရီတိုင်း၊ အထူးဆု-၂ မယွန်းမျုးအိမ် ဆဌမတန်း အလက(၆) ပုသိမ် ဧရာဝတီတိုင်း၊ အထူးဆု-၃ မသန့်သဇ္ဈာညီ ဆဌမတန်း အထက (၁)မုံရွာ စစ်ကိုင်းတိုင်း၊ အထူးဆု-၄ မောင်ခွန်ဇာနည်ထွန်း သတ္တမတန်း အထက (၄)ကျိုင်းတုံ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ အထူးဆု-၅ မောင်စည်သူလွင် သတ္တမတန်း အလက(၄) ဘားအံ ကရင်ပြည်နယ်တို့ ရရှိကြသည်။

ဖိတ်ခေါ်ရောင်စုံဓာတ်ပုံပြိုင်ပွဲ

ဖိတ်ခေါ်ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ဆုရရှိသူများမှာ ပထမဆု လှိုင်သန်းတင့် (ရွှေပန်းချီ) မန္တလေးတိုင်း၊ ဒုတိယဆု မင်းဇာနည်ဇော် (အမရပူရ) ရန်ကုန်တိုင်း၊ တတိယဆု အောင်ကျော်ထွန်း (ပုသိမ်ကြီး) မန္တလေးတိုင်း၊ အထူးဆု-၁ လှိုင်သန်းတင့် (ရွှေပန်းချီ) မန္တလေးတိုင်း၊ အထူးဆု-၂ မင်းဇာနည်ဇော် (အမရပူရ) ရန်ကုန်တိုင်း၊ အထူးဆု-၃ ယမင်းဝင်းလှိုင် ရန်ကုန်တိုင်း၊ အထူးဆု-၄ အောင်ကျော်ထွန်း (ပုသိမ်ကြီး) မန္တလေးတိုင်း၊ အထူးဆု-၅ ဦးမြင့်သိန်း(ရှုပ) ရန်ကုန်တိုင်းတို့ ဖြစ်ကြသည်။

ဖိတ်ခေါ်ဆောင်းပါးပြိုင်ပွဲ

ဖိတ်ခေါ်ဆောင်းပါးပြိုင်ပွဲတွင် ဆုရရှိသူများမှာ ပထမဆု ဒေါ်ခိုင်ခိုင်စိုး ရန်ကုန်တိုင်း၊ ဒုတိယဆု ဒေါ်ထားရှင် တနင်္သာရီတိုင်း၊ တတိယဆု ဒေါ်ယဉ်ယဉ်ကြိုင် ရန်ကုန်တိုင်းတို့ ရရှိကြပြီး အထူးဆု-၁ ဒေါ်သင်းသင်းဦး ရန်ကုန်တိုင်း၊ အထူးဆု-၂ ဗိုလ်ချမ်းငြိမ်းသူ ရန်ကုန်တိုင်း၊ အထူးဆု-၃ မောင်မင်းစိုးသူရ ရန်ကုန်တိုင်း၊ အထူးဆု-၄ ဒေါ်မြင့်မြင့်သန်း ရှမ်းပြည်နယ် (တောင်)၊ အထူးဆု-၅ ဒေါက်တာဆန်းဝင်း မန္တလေးတိုင်းတို့ ရရှိကြသည်။

ပိုစတာပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ဖိတ်ခေါ်ရောင်စုံဓာတ်ပုံပြိုင်ပွဲနှင့် ဖိတ်ခေါ်ဆောင်းပါးပြိုင်ပွဲများတွင် ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိသူများအား ဇူလိုင် ၁၁ ရက်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ရုံးအမှတ်(၄၈) နေပြည်တော်၌ကျင်းပမည့် ကမ္ဘာ့လူဦးရေနေ့ အခမ်းအနားတွင် ဆုများချီးမြှင့်သွားမည်ဖြစ်ရာ ဇူလိုင် ၉ ရက် နောက်ဆုံးထား၍ လူကိုယ်တိုင် ပတ်စပို့ဓာတ်ပုံ သုံးပုံနှင့်အတူ လာရောက်သတင်းပေးပို့ကြရမည်ဖြစ်သည်။ တိုက်ရိုက်လာကြမည့်သူများသည် နေပြည်တော်မြို့တော်စည်ပင်သာယာရေး တည်းခိုဆောင်သို့ ဇူလိုင် ၉ ရက်တွင် လာရောက်သတင်းပို့ရမည်ဖြစ်သည်။ အစမ်းလေ့ကျင့်ခြင်းကို ဇူလိုင် ၁၀ ရက်တွင် ပြုလုပ်မည်ဖြစ်သည်။ သိရှိလိုသည်များရှိပါက ဖုန်း-၀၆၇-၄၃၁၀၆၉၊ ၀၆၇-၄၃၁၃၃၆ တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

ပိုစတာပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ အထူးဆုရရှိသူများသည် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ပြည်နယ်၊ တိုင်းများရှိ သက်ဆိုင်ရာပြည်နယ်၊ တိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနများတွင် လည်းကောင်း၊ ဖိတ်ခေါ်ရောင်စုံဓာတ်ပုံပြိုင်ပွဲ၊ ဖိတ်ခေါ်ဆောင်းပါးပြိုင်ပွဲ အထူးဆုရရှိသူများသည် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ရန်ကုန်တိုင်းတွင် ဆုများကို လက်ခံရယူရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၈-၇-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ တရားတော်
- ၇း၃၀ ၃။ ဓမ္မပူဇာတေး
- ၇း၃၅ ၄။ မျိုးချစ်တပ်မတော်
- ၇း၄၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၄၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေး တေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၃၀ ၃။ မျိုးချစ်တပ်မတော်
- ၄း၄၀ ၄။ အမျိုးသားရေးတေးကဗျာ
- ၄း၄၅ ၅။ မွေးမြူသုတ
- ၄း၅၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၅း၀၀ ၇။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
- ၅း၃၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၅ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၆း၂၀ ၁၁။ လျှပ်တစ်ပြက်ရိုက်ချက်
- ၆း၃၀ ၁၂။ ထူးဆန်းထွေလာ မျက်လှည့်ပညာ
- ၆း၄၅ ၁၃။ ကာတွန်းအစီအစဉ် - စွန့်စားသူတို့ပျော်စံရာ (အပိုင်း-၂၈)
- ၇း၀၀ ၁၄။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ရင်နှစ်သည်းချာ (အပိုင်း-၄၅)**
- ၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ နိုင်ငံတကာသတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ အနုပညာရှင်၏တစ်နေ့တာ
- ၂၀။ ကုန်သွယ်သုတ
- ၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၂။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -လရောင်ဆမ်းတဲ့ဒဏ္ဍာရီ (အပိုင်း-၁၈)**
- ၂၃။ သင့်အတွက်မနက်ဖြန်
- ၂၄။ အပိတ်နှုတ်ဆက်စကား
- ၂၅။ ပြီးပါပြီ။

❖ရှေ့ဖုံးမှ

ထို့နောက် မြစ်ကြီးနားမြို့ ပမွတီးရပ်ကွက်ရှိ နည်းပညာတက္ကသိုလ် (မြစ်ကြီးနား) သို့ ရောက်ရှိကြရာ ကျောင်းအုပ်ကြီးက ကျောင်းပင်မစာသင်ဆောင် ဆောက်လုပ်ပြီးစီးမှုနှင့် ဘာသာရပ်အလိုက် သင်ကြားပို့ချပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးသာအေးက ဆရာ၊ ဆရာမများအတွက် လက်ဆောင်ပစ္စည်းများပေးအပ်၍ ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ယင်းနောက် မြစ်ကြီးနားမြို့ မြို့ပတ်လမ်းကို ကျောက်စီလမ်းအဖြစ် ခင်းကျင်းထားမှုနှင့် မြစ်ကြီးနားမြို့ မြို့ကွက်သစ် ဖွံ့ဖြိုးစည်ပင်နေမှု အခြေအနေများကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးပြီး စိန်ခြယ်စိုက်ပျိုးရေးခြံ၌ ကျွန်းနှင့် သစ်မွှေးပျိုးပင်များ ပျိုးထောင်ရောင်းချနေမှုကို ဝင်ရောက်ကြည့်ရှုရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး မြစ်ကြီးနားမြို့ရှိ စိန်ခြယ်စိုက်ပျိုးရေးခြံ၌ ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

ဖွံ့ဖြိုးတိုးတက်မှုကြည့်ရှု

ဆက်လက်၍ မြစ်ကြီးနားမြို့ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ကချင်ပြည်နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ကချင်ပြည်နယ် ပြည်နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ လုပ်ငန်းပိုင်းဆိုင်ရာများကို မှာကြားသည်။

သုံးသပ်ဆွေးနွေး

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တိုင်းမှူးနှင့်တာဝန်ရှိသူများ တက်ရောက်ကြပြီး ပြည်နယ်စိုက်ပျိုးရေးမန်နေဂျာနှင့် တာဝန်ရှိသူများက စိုက်ပျိုးရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် တိုင်းမှူးတို့က တင်ပြချက်များအပေါ် သုံးသပ်ဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လုပ်ငန်းလိုအပ်ချက်များကို အကျယ်တဝင့် ရှင်းလင်းမှာကြားသည်။

သစ်မွှေးပင်စိုက်ပျိုး

ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ တိုင်းမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဇူလိုင် ၅ ရက်တွင် မြစ်ကြီးနားတက္ကသိုလ်ပရဝဏ်အတွင်း ကျင်းပသည့် ကချင်ပြည်နယ် ၂၀၁၀ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့တက်ရောက်ကြ၍ ဒုတိယဗိုလ်ချုပ်ကြီးသာအေးက သစ်မွှေးပင်ကို စိုက်ပျိုးပေးသည်။

ထို့နောက် ဌာနဆိုင်ရာများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၏ ပျိုးပင်များ စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ မြစ်ကြီးနားတက္ကသိုလ်သို့ ရောက်ရှိ၍ ဒုတိယပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက စာသင်ခန်း၊ သိပ္ပံလက်တွေ့ခန်းနှင့် တက္ကသိုလ်တိုးတက်မှုအခြေအနေများကို လိုက်လံရှင်းလင်းပြသကြရာ ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ပြည်နယ်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည့် ကချင်ပြည်နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် BOT ကုမ္ပဏီများ၏ ၂၀၁၀-၂၀၁၁ ခုနှစ် လမ်းတံတားဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တိုင်းမှူးနှင့်တာဝန်ရှိသူများ တက်ရောက်ကြပြီး ရှေးဦးစွာ တာဝန်ရှိသူများက တာဝန်ယူဆောင်ရွက်ရသော အပိုင်းကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြရာ တိုင်းမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

မြစ်ကြီးနား-ပူတာအိုလမ်း

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လုပ်ငန်းလိုအပ်ချက်များကို အသေးစိတ်ဆွေးနွေးမှာကြားပြီး မြစ်ကြီးနား-ပူတာအိုလမ်း ၁၂ ရာသီသွားလာနိုင်ရေးကို အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် မြစ်ကြီးနားတပ်နယ်ခန်းမ၌ တပ်နယ်ရှိ အရာရှိ၊ အရာခံ၊ အကြပ်စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံ၍ ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လိုအပ်သည်များ မှာကြားကာ တပ်နယ်မိသားစုဝင်များအတွက် လက်ဆောင်ပစ္စည်းများကို တာဝန်ရှိသူများထံ ပေးအပ်သည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၈-၇-၂၀၁၀ (ကြာသပတေးနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ဓဇဂ္ဂသုတ်
- ၅း၁၅ MRTV-4 သတင်း
- ၆း၀၀ "နိဗ္ဗာန်အာရုံပြုနည်း" တရားတော် [အရှင်ဇနေယျ (ရွှေမိုးညိုဆရာတော်)]
- ၇း၀၀ MRTV-4 သတင်း
- ၇း၄၅ ရန်ကုန်မြင်ကွင်းကျယ် (White Wolsy Cosmetics မိတ်ဆက်ပွဲအခမ်းအနား)
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၄၀)**
- ၈း၃၀ "တိုင်းရင်းစုံညီ ပျိုမဒီ တီထွင်ဆင်သ ရိုးရာအလှ"
- ၈း၅၅ Activities In The City (Moe Z ၏"ဒီနေ့နဲ့မနက်ဖြန်" တေးစီးရီးမိတ်ဆက်ပွဲ)
- ၉း၁၅ အမိဌာန်ကာရည်မျှော် ဆုတောင်းပြည့် အောင်စေတီတော်
- ၉း၃၀ Science For All (လေထုညစ်ညမ်းမှုနှင့် အိုဇုန်းလွှာပေါက်ခြင်း) (သိပ္ပံစာရေးဆရာကိုကိုအောင်၊ ခင်အောင်)
- ၁၀း၀၀ Rh(Negative)သွေးလိုအပ်ခြင်း အကြောင်းသိကောင်းစရာ (ဒေါက်တာသီတာအောင်)
- ၁၀း၂၀ စွမ်းရည်ထက်မြက် မြန်မာ့မျက်လှည့်
- ၁၀း၅၀ ရွှေတောင်စက်ရုံစွမ်းပကား စက်မှု(၁)ရဲ့အား
- ၁၁း၀၀ ဖွံ့ဖြိုးတိုးတက်နေသော နေပြည်တော်
- ၁၁း၂၅ တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (အင်းလေးဒေသရဲ့ ထူးခြားတဲ့ငါး "ငါးဖိန်း")
- ၁၁း၃၅ ဈေးဝယ်လမ်းညွှန် (Beauty Bar)
- ၁၁း၅၅ စားဖွယ်အဖုံဖုံမုန့်မျိုးစုံ (အီကလဲယားမုန့်လုပ်နည်း)
- ၁၂း၁၅ ရန်ကုန်မြင်ကွင်းကျယ် (WhiteWolsyCosmeics မိတ်ဆက်ပွဲအခမ်းအနား)
- ၁၂း၃၅ မျှော်လင့်ခြင်း ခရီးစဉ်ဖြစ်ရပ်မှန်-၄ (အဆုတ်ကင်ဆာ)
- ၁း၀၀ "နိဗ္ဗာန်အာရုံပြုနည်း" တရားတော် [အရှင်ဇနေယျ (ရွှေမိုးညိုဆရာတော်)]
- ၂း၀၀ MRTV-4 သတင်း
- ၂း၄၅ Zaw Win Hut Emperior25th Anniversary Live Show (Part-1)
- ၃း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၄၀)**
- ၄း၂၀ ဂီတသံစဉ်အလှဆင် (တင့်တင့်ထွန်း)
- ၄း၄၀ အမိဌာန်ကာရည်မျှော် ဆုတောင်းပြည့် အောင်စေတီတော်
- ၅း၀၀ "တိုင်းရင်းစုံညီ ပျိုမဒီ တီထွင်ဆင်သ ရိုးရာအလှ"
- ၅း၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ အနုပညာမိုးကောင်းကင်
- ၆း၄၅ Zaw Win Hut Emperior25th Anniversary Live Show (Part-1)
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ ဖွံ့ဖြိုးတိုးတက်နေသော နေပြည်တော်
- ၉း၀၀ ဂီတသရုပ်ပြခန်း (Too Big Selection)
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၄၀)**
- ၁၀း၀၀ မျှော်လင့်ခြင်း ခရီးစဉ်ဖြစ်ရပ်မှန်-၄ (အဆုတ်ကင်ဆာ)
- ၁၀း၂၀ အနုပညာမိုးကောင်းကင်
- ၁၀း၅၀ Sports World
- ၁၁း၁၅ Activities In The City (Moe Z ၏"ဒီနေ့နဲ့မနက်ဖြန်" တေးစီးရီးမိတ်ဆက်ပွဲ)
- ၁၁း၃၀ ဈေးဝယ်လမ်းညွှန် (Beauty Bar)
- ၁၁း၄၅ ဂီတသရုပ်ပြခန်း (Too Big Selection)
- ၁၂း၁၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၁း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ဝန်ကြီး ဦးသိန်းဇော် ရတနာပုံမြို့သစ်စီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၇

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဇော်သည် ဒုတိယဝန်ကြီး ဦးသိန်းထွန်းနှင့်အတူ ဇူလိုင် ၅ ရက်တွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့အနီးရှိ ရတနာပုံမြို့သစ် စီမံကိန်း ဆက်သွယ်ရေးစက်မှုအဆောက်အအုံသို့ရောက်ရှိပြီး တာဝန်ခံအင်ဂျင်နီယာ၏ ရှင်းလင်းတင်ပြမှုအပေါ် စက်ပစ္စည်းများ တပ်ဆင်ဆက်သွယ်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် Yatanarpon Fiber Optical Factory သို့ ရောက်ရှိပြီး ကေဘယ်လ်ထုတ်လုပ်မှု အဆင့်ဆင့်နှင့် ထုတ်လုပ်ပြီး ကေဘယ်လ်များကို ကြည့်ရှုစစ်ဆေးကာ သတ်မှတ်ထားသည့် စံချိန်စံညွှန်းနှင့်အညီ ဆက်လက်ထုတ်လုပ်သွားရန်မှာကြားသည်။ ဆက်လက်၍ Elite Tech Manufacturing Co., Ltd. ၌ မိုဘိုင်းတယ်လီဖုန်းများ ထုတ်လုပ်မှုအဆင့်ဆင့်ကိုလည်းကောင်း၊ ASIA MEGA LINK စက်ရုံ၌ မိုဘိုင်းစနစ်စက်ပစ္စည်းများ ထုတ်လုပ်ဆောင်ရွက်နေမှုနှင့် ထုပ်ပိုးမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေး၍ အရည်အသွေးပြည့်မီစွာဖြင့် အရည်အသွေးမြင့်တင်ဆောင်ရွက်သွားနိုင်ရန် လိုအပ်သည်များမှာကြားသည်။

ထို့နောက် စီမံကိန်း ဧရိယာအတွင်းရှိ FORTUNE INTERNATIONAL LIMITED၏ စက်ရုံအဆောက်အအုံဆောက်လုပ်ပြီးစီးမှု အခြေအနေနှင့် ထုတ်လုပ်ဆောင်ရွက်သွားမည့် အခြေအနေ၊ တာမိုးညဲချမ်းသာထွန်းဝေသာ ကုမ္ပဏီလီမိတက်နှင့် FISCA PAN MYANMAR Co., Ltd. တို့၏ စက်ရုံဆောက်လုပ်ပြီးစီးမှု အခြေအနေ၊ MCC TRAINING INSTITUTE YATANARPON ၌ သင်ကြားပို့ချနေမှု အခြေအနေ၊ Yatanarpon ICT Training Center ဆောက်လုပ်ပြီးစီးမှု အခြေအနေနှင့် Soft Based Factory Zone ရေရရှိရေးလုပ်ငန်းတွင် ရေဂါလန် ၁၀၀၀၀၀ ဆံ့ ရေလှောင်ကန်ဆောက်လုပ်မှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ယင်းနောက် ဝန်ကြီးသည် ရတနာပုံတယ်လီပို့အဆောက်အအုံ အစည်းအဝေးခန်းမ၌ ရတနာပုံတယ်လီပို့ ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများ၊ အင်ဂျင်နီယာချုပ်များ၊ ရတနာပုံမြို့သစ်တွင် ရင်းနှီးမြှုပ်နှံကြသည့် လုပ်ငန်းရှင်များနှင့် တွေ့ဆုံရာ သက်ဆိုင်ရာအင်ဂျင်နီယာချုပ်များက ဆက်လက်တိုးချဲ့ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များအလိုက် ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဇော် Yatanarpon Fiber Optical Factory ၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

လူတစ်ဦး ကျွန်းတစ်ပင် စိုက်ပျိုးရေး ကော့မှူးမြို့နယ်၌ ပညာပေးဟောပြော တာဝန်ပေး

ကော့မှူး ဇူလိုင် ၇

၂၀၁၀ ခုနှစ် မိုးရာသီတွင် လူတစ်ဦးလျှင် ကျွန်းတစ်ပင်စိုက်ပျိုးရေးစီမံချက် အောင်မြင်စွာ အကောင်အထည်ဖော် စိုက်ပျိုးနိုင်ရေးအတွက် ရပ်ကွက်၊ ကျေးရွာအုပ်စု ၂၀သို့ ပညာပေးဟောပြော၍ စီမံကိန်းတာဝန်ပေးအပ်ပွဲကို ဇွန် ၁၆ ရက်တွင် ကော့မှူးမြို့နယ်အတွင်း လူတစ်ဦး ကျွန်းတစ်ပင် ဖြန့်ဝေစိုက်ပျိုးမည့်ကျေးရွာများသို့ ကွင်းဆင်း၍ သစ်တောဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးဇော်ဇော်နိုင်က စိုက်ပျိုးရခြင်း၏ ရည်ရွယ်ချက်များ၊ စိုက်ပျိုးနည်းစနစ်များကို အသေးစိတ်ရှင်းလင်းဆွေးနွေးခြင်း၊ စိုက်ပျိုးရန် ပျိုးပင်များဖြန့်ဝေခြင်း၊ တာဝန်ပေးအပ်လွှာများ ပေးအပ်သည်။ **(ဝဲပုံ)**

၂၀၁၀ ခုနှစ် မိုးရာသီတွင် ကော့မှူးမြို့နယ် သစ်တောဦးစီးဌာနမှ ကျွန်းပင်ပေါင်း ၁၀၀၀၀နှင့် သစ်မာပင်ပေါင်း ၃၀၀၀၀ စုစုပေါင်း ၄၀၀၀၀ ဖြန့်ဝေပေးသွားမည် ဖြစ်ကြောင်း သိရှိရသည်။ (မြို့နယ်ပြန်/ဆက်)

အစ္စရေးနိုင်ငံက ဂါဇာကမ်းမြောင်ဒေသအား ပိတ်ဆို့ထားမှုကို လျှော့ချပေးခဲ့ပြီးနောက် ရာဖာမြို့သို့ ရောက်ရှိလာသော ကယ်ဆယ်ရေးပစ္စည်းတင် ထရပ်ကားကို ဇူလိုင် ၆ရက်ကတွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဆောက်လုပ်ရေးပစ္စည်းများ ဂါဇာသို့တင်သွင်းရန် အစ္စရေးခွင့်ပြု

တဲလ်အဗစ် ဇူလိုင် ၇

ပိတ်ဆို့တားမြစ်မှုကို လျှော့ချသောအားဖြင့် ဟားမားစ်တို့ အုပ်ချုပ်သော ဂါဇာကမ်းမြောင်ဒေသသို့ ဆောက်လုပ်ရေးပစ္စည်းများတင်သွင်းရန် နိုင်ငံတကာ အဖွဲ့အစည်းများအား အစ္စရေးနိုင်ငံက တနင်္လာနေ့တွင် ခွင့်ပြုပေးခဲ့သည်။

ထုတ်ပြန်ကြေညာ

ဂါဇာသို့ တင်သွင်းခွင့်ပြုသော ဆောက်လုပ်ရေးပစ္စည်းများ စာရင်းကို အစ္စရေးအစိုးရက ထုတ်ပြန်ကြေညာပေးခဲ့သည်။ သို့သော် ပါလက်စတိုင်းအာဏာပိုင်များက အတည်ပြု၍ နိုင်ငံတကာအဖွဲ့အစည်းများက ကြီးကြပ်ကွပ်ကဲသော စီမံကိန်းများအတွက်သာ ဖြစ်ရမည်ဟု ဆိုသည်။

တင်ပို့ခွင့်ပြု

၎င်းဆောက်လုပ်ရေးပစ္စည်းများကို ဟားမားစ်တို့က စစ်ရေးရည်ရွယ်ချက်ဖြင့် သုံးစွဲနိုင်ဖွယ်ရှိသော်လည်း ယင်းပစ္စည်းများကို ဂါဇာကမ်းမြောင်သို့ တင်ပို့ခွင့်ပြုမည်ဖြစ်ကြောင်း အစ္စရေးအစိုးရ၏ ကြေညာချက်တွင် ဖော်ပြထားသည်။

အစ္စရေးတို့၏ ၂၂ ရက်ကြာ ထိုးစစ်ဆင်တိုက်ခိုက်မှုကြောင့် အထိနာခဲ့ရသော ပါလက်စတိုင်းတို့၏ နယ်မြေကို အစ္စရေးတို့က ပိတ်ဆို့ထားသည့်အတွက် အနည်းငယ်မျှကိုသာ ပြန်လည်တည်ဆောက် နိုင်သည်။

အမ်အင်အေ၊ ဆင်ဟွာ။

နေတိုးလေကြောင်းမှ မှားယွင်းစွာ တိုက်ခိုက်မှုများကြောင့် အာဖဂန်တပ်ဖွဲ့ဝင်ခြောက်ဦး သေဆုံး

ဂါဇနီ ဇူလိုင် ၇

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်း ဂါဇနီပြည်နယ်၌ ဇူလိုင် ၇ ရက် အစောပိုင်းက နေတိုးဦးဆောင်သော တပ်ဖွဲ့က လေကြောင်းမှ မှားယွင်း တိုက်ခိုက်မှုကြောင့် အာဖဂန်တပ်ဖွဲ့ဝင် ခြောက်ဦး သေဆုံးခဲ့သည်ဟု ပြည်နယ်ဒုတိယရဲချုပ် နော်ရော့ဇ်အလီမာမွတ်ဇာဒါက ပြောကြားသည်။

မှားယွင်းဗုံးကြဲ

အာဖဂန်တပ်ဖွဲ့ဝင်များသည် ဇူလိုင် ၇ ရက် နံနက်ပိုင်းက ဂါဇနီပြည်နယ် အန်ဒါဒေသ၌ တာလီဘန်စစ်သွေးကြွများကို ချုံခိုတိုက်ခိုက်ရန် ကြိုးပမ်းနေစဉ် နေတိုးတပ်ဖွဲ့စစ်လေယာဉ်က မှားယွင်းစွာ ဗုံးကြဲခဲ့၍ အာဖဂန်တပ်ဖွဲ့ဝင် ခြောက်ဦး သေဆုံးခဲ့သည်ဟု မာမွတ်ဇာဒါက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

အခြားသတင်းတစ်ရပ်တွင်မူ နေတိုးတပ်ဖွဲ့စစ်လေယာဉ်သည် ဒေသစံတော်ချိန် နံနက် ၄ နာရီခန့်က မှားယွင်းစွာ ဗုံးကြဲတိုက်ခိုက်ခဲ့၍ အာဖဂန်တပ်ဖွဲ့ဝင် ငါးဦး သေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိသည့်အတွက် အာဖဂန်ကာကွယ်ရေးဝန်ကြီးဌာနက ပြင်းထန်စွာ ပြစ်တင်ရှုတ်ချခဲ့ကြောင်း သိရသည်။

ထိုကိစ္စကို စုံစမ်းစစ်ဆေးသွားမည်ဟု နေတိုးတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အာဖဂန်နစ္စတန်နိုင်ငံ ဆန်ဂျင်းဒေသထိန်းချုပ်မှု အမေရိကန်တပ်ဖွဲ့များထံ ဗြိတိန်လွှဲပြောင်းပေးမည်

လန်ဒန် ဇူလိုင် ၇

အာဖဂန်နစ္စတန်နိုင်ငံအတွင်းရှိ အကြမ်းဖက်မှုများ အတောမသတ်ဖြစ်ပွားလျက်ရှိသော ဆန်ဂျင်းဒေသကို အမေရိကန်တပ်ဖွဲ့များ၏ ထိန်းချုပ်မှုအောက်သို့ ဗြိတိသျှတပ်ဖွဲ့များက လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်း ဗြိတိန်ကာကွယ်ရေးဝန်ကြီးက ဗုဒ္ဓဟူးနေ့တွင် ကြေညာသည်။

ဆန်ဂျင်းဒေသအတွင်း တပ်စွဲထားသော ဗြိတိသျှတပ်ဖွဲ့ဝင်များသည် အကြမ်းဖက်တိုက်ခိုက်မှုအန္တရာယ်ကို အပြင်းအထန်ခံစားခဲ့ရပြီး ယနေ့အချိန်အထိ ယင်းဒေသ၌ သေဆုံးခဲ့သော ဗြိတိသျှတပ်ဖွဲ့ဝင်ဦးရေသည် ၁၀၀နီးပါးမျှရှိခဲ့ပြီဖြစ်သည်။ ယင်းအရေအတွက်သည် အာဖဂန်စစ်ပွဲ စတင်ချိန်မှစ၍ သေဆုံးခဲ့ရသော ဗြိတိသျှတပ်ဖွဲ့ဝင်အရေအတွက်၏ သုံးပုံတစ်ပုံဖြစ်သည်။

ယခုနှစ်နှောင်းပိုင်းတွင် ဆန်ဂျင်းဒေသကို ဗြိတိသျှတပ်ဖွဲ့ဝင်များလက်မှ လွှဲပြောင်းထိန်းချုပ်မည့် အမေရိကန်တပ်ဖွဲ့များကို စုစည်းထားနိုင်ရန် နိုင်ငံတကာလုံခြုံရေးအထောက်အကူပြုတပ်ဖွဲ့ (အိုင်အက်စ်အေအက်ဖ်)၏ ဖာတ်ပြည်နယ်နှင့် နင်းရော့ဇ်ပြည်နယ်များတွင် တပ်စွဲထားသောတပ်ဖွဲ့များကို ပြန်လည်ပြင်ဆင်တည်ဆောက်ရမည်ဖြစ်ကြောင်း ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီး လီယမ်ဖော့စ်က ပြောကြားသည်။

ကိုးနှစ်ကြာ အာဖဂန်စစ်ပွဲကာလအတွင်း သေဆုံးခဲ့သော ဗြိတိသျှတပ်ဖွဲ့ဝင်ဦးရေသည် ၃၁၂ဦးရှိခဲ့ပြီဖြစ်ပြီး ဆယ်စုနှစ်သုံးခုမျှဖြစ်ပွားခဲ့သော မြောက်အိုင်ယာလန်ခွဲထွက်ရေးလှုပ်ရှားမှု၌ သေဆုံးခဲ့သောအရေအတွက်ထက် ပိုများပြားသည်။

အင်တာနက်။

အီရန်နျူကလီးယားဓာတ်အားပေးစက်ရုံ စက်တင်ဘာတွင် ဖွင့်လှစ်မည်

တီဟီရန် ဇူလိုင် ၇

အီရန်နိုင်ငံတောင်ပိုင်း ဘူရှားဆိပ်ကမ်းမြို့၌ တည်ဆောက်ထားသော ယင်းနိုင်ငံ၏ ပထမဆုံးနျူကလီးယား ဓာတ်အားပေးစက်ရုံကို စက်တင်ဘာလတွင် စတင်လည်ပတ်မည်ဟု အီရန်အဏုမြူစွမ်းအင်အဖွဲ့ ညွှန်ကြားရေးမှူးက ပြောကြားသည်။

ဘူရှားနျူကလီးယားဓာတ်အားပေး စက်ရုံကို မဖွင့်လှစ်မီ အရေးကြီးသော နောက်ဆုံးအဆင့် စမ်းသပ်မှုများကို အောင်မြင်စွာ စမ်းသပ်ခဲ့ပြီးဖြစ်သည်ဟု အီရန်အဏုမြူစွမ်းအင်အဖွဲ့ ဥက္ကဋ္ဌ အလီအက်စ်ဘာဆာလေဟီ၏ ပြောကြားချက်ကို အိုင်အာရ်အင်န်အေသတင်း၌ ဇူလိုင် ၇ ရက်တွင် ဖော်ပြသည်။

အဆိုပါ စက်ရုံကို ၁၉၉၄ ခုနှစ်တွင် ရုရှားနိုင်ငံက စတင်တည်ဆောက်ပေးခဲ့ပြီး ၁၉၉၉ ခုနှစ် နှစ်ကုန်တွင် စတင်လည်ပတ်ရန် ကနဦးက စီစဉ်ဆောင်ရွက်ထားသော်လည်း အကြောင်းအမျိုးမျိုးကြောင့် အချိန်ကြန့်ကြာမှုများရှိခဲ့ရသည်ဟု သတင်း၌ ဖော်ပြသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ကွန်ဂို ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဆန်ဂေးမြို့တွင် ဇူလိုင် ၃ရက်က ပေါက်ကွဲမီးလောင်ခဲ့သည့် ရေနံတင်ယာဉ်ကိုတွေ့ရစဉ်။

(ယင်းဖြစ်စဉ်တွင် လူ ၂၀၀ ကျော် သေဆုံးပြီး လူ ၁၁၀ ဒဏ်ရာရရှိခဲ့သည်။)

(ဓာတ်ပုံ-အင်တာနက်)

ဇူလိုင် ၆ ရက်က အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် လုံခြုံရေး စစ်ဆေးနေသော အီရတ်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်မှုကြောင့် အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် ဇူလိုင် ၇

အီရတ်နိုင်ငံသို့ အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ်သေဆုံး၊ ဒဏ်ရာရရှိလျက်ရှိသည်။

<u>အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု</u>

အီရတ်နိုင်ငံသို့ အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့သည့်အချိန်မှစတင်ပြီး ဇူလိုင် ၇ ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူဦးရေမှာ ၇၀၂၀၈ ဦး ရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ ဦးရေမှာ ၁၂၆၉၅၀၂ ဦး ဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁	သေဆုံးသူအီရတ်ပြည်သူများ	၇၀၂၀၈ ဦး
၂	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ	၁၂၆၉၅၀၂ ဦး

အင်တာနက်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်မှုကြောင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ကဘူး ဇူလိုင် ၇

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ်သေဆုံး၊ ဒဏ်ရာရရှိလျက်ရှိသည်။

<u>အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု</u>

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့သည့် အချိန်မှစတင်ပြီး ဇူလိုင် ၇ ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ ၃၂၉၆၁ ဦး ရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ ဦးရေမှာ ၃၉၅၂၁ ဦး ဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁	သေဆုံးသူအာဖဂန်ပြည်သူများ	၃၂၉၆၁ ဦး
၂	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူအာဖဂန်ပြည်သူများ	၃၉၅၂၁ ဦး

အင်တာနက်။

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ၂၀၁၀ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၏ ၂၀၁၀ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင် ကျွန်းပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၇

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၏ ၂၀၁၀ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံး၌ ကျင်းပရာ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူနှင့် အဖွဲ့ဝင်များဖြစ်ကြသော ဦးလှမြင့်ဦး၊ ဦးဝင်းအောင်၊ ဦးစိုးဦး၊ ဦးညီထွန်းနှင့် ဦးကျော်အောင်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ရုံးအဖွဲ့မှူး၊ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဥက္ကဋ္ဌ ဦးကျော်သူက ဦးစီးဌာနများမှ ဝန်ထမ်းများ စိုက်ပျိုးမည့် ပျိုးပင်များကို ညွှန်ကြားရေးမှူးချုပ်များထံ ပေးအပ်ပြီး သတ်မှတ်နေရာ၌ အထိမ်းအမှတ် ရတနာတန်းဝင် ကျွန်းပင်ကို စိုက်ပျိုးပေးသည်။

ထို့နောက် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့-အဖွဲ့ဝင်များနှင့် ညွှန်ကြားရေးမှူးချုပ်များသည် သတ်မှတ်နေရာများတွင် ရတနာတန်းဝင်ကျွန်းပင်များကို စိုက်ပျိုးပေးကြပြီး ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် ညွှန်ကြားရေးမှူးချုပ်များက ဝန်ထမ်းများ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြကာ ဝန်ထမ်းသက်သာ စိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။

အလားတူ ညနေပိုင်းတွင် နေပြည်တော် ဓနသိဒ္ဓိရပ်ကွက်ရှိ ဝန်ထမ်းအိမ်ရာတို့၌လည်း ဝန်ထမ်းများစုပေါင်း၍ အရိပ်ရလေကာပင်နှင့် နှစ်ရှည်ပျိုးပင်များကို စိုက်ပျိုးကြသည်။

ယခု စိုက်ပျိုးသည့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင် ကျွန်း၊ သရက်၊ ခရေ၊ မဟော်ဂနီ၊ ပျဉ်းကတိုး၊ စိန်ပန်းပုနှင့် စိန်ပန်းပင်ကြီးစသော နှစ်ရှည်ပင်များ အပါအဝင် ပန်းအလှပင်နှင့် အရိပ်ရ လေကာပင် စုစုပေါင်း ၅၀၀ ကို စိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ပါရမီ ကံ့ကော်မြိုင်လမ်းနေ ဒေါ်ခင်ဘန်း (၈၅) နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် ငွေပဒေသာပင်နှင့် တစ်နေ့လုံးစာ အထူးအာဟာရအတွက် ငွေကျပ်သုံးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ရန်ကုန်တိုင်း ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီက ရုံးပိတ်ရက်များအတွင်း လုပ်ငန်းသစ်နှင့် သက်တမ်းတိုးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဇူလိုင် ၇

ပြန်ကြားရေးဝန်ကြီးဌာန ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးဗဟိုကော်မတီ၏လမ်းညွှန်မှု၊ ရန်ကုန်တိုင်း ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ၏ ကြီးကြပ်မှုဖြင့် ရန်ကုန်တိုင်း ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီနှင့် ရန်ကုန်တိုင်း ဗီဒီယိုအခြေခံအဖွဲ့ခွဲတို့သည် ယခင်နှစ်များအတွင်း ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည့် လုပ်ငန်းရှင်များအား သက်တမ်းတိုးဆောင်ရွက်ပေးခြင်း၊ လုပ်ငန်းလိုင်စင်အသစ် နေ့ချင်းပြီး လုပ်ငန်းလိုင်စင် ထုတ်ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

ဇူလိုင် ၃ ရက်နှင့် ၄ ရက်တို့တွင် မင်္ဂလာဒုံမြို့နယ်ရှိ လုပ်ငန်းရှင်များအား နေ့ချင်းပြီးလုပ်ငန်းလိုင်စင် ထုတ်ပေးခြင်းတို့ကို မင်္ဂလာဒုံမြို့နယ် ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီရုံး၌ စုပေါင်းရုံးဖွင့်လှစ် ဆောင်ရွက်ခဲ့ရာ လုပ်ငန်းရှင်အသစ် ၅၄ ဦးနှင့် သက်တမ်းတိုး ၁၈၀ တို့ကို လုပ်ငန်းလိုင်စင် ထုတ်ပေးနိုင်ခဲ့ကြောင်း သိရှိရသည်။

ယင်းသို့ဆောင်ရွက်ရာတွင် ရန်ကုန်တိုင်း ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီရုံးအဖွဲ့နှင့်အတူ မြို့နယ်ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ ရန်ကုန်တိုင်း ဗီဒီယိုအခြေခံအဖွဲ့ခွဲတို့မှ တာဝန်ရှိသူများ၊ မြို့နယ်ဗီဒီယိုအခြေခံအဖွဲ့ခွဲနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့မှ ပံ့ပိုးကူညီခဲ့ကြောင်း သိရသည်။

ကျန်မြို့နယ်များသို့လည်း သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်း၍ ကွင်းဆင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် ယင်းသို့ဆောင်ရွက်ပေးမှုကြောင့် သက်တမ်းတိုးလုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းလိုင်စင် သက်တမ်းမကုန်မီ ဆောင်ရွက်နိုင်၍ ရက်လွန်ဒဏ်ကြေးကင်းလွတ်ပြီး လုပ်ငန်းရှင်အသစ်များအနေဖြင့်လည်း တစ်နေရာတည်းတွင် ချက်ချင်း လုပ်ငန်းလိုင်စင်ရရှိခြင်း၊ အချိန်ကုန်သက်သာခြင်း၊ ခရီးစရိတ်သက်သာခြင်းတို့ကြောင့် လာရောက်လုပ်ကိုင်သူများကြောင်း သိရှိရသည်။

ယခုကဲ့သို့ ရန်ကုန်တိုင်းအတွင်း ဗီဒီယိုလိုင်စင်ကြေးမှ နိုင်ငံတော်ဝင်ငွေရရှိရန်ဆောင်ရွက်ခြင်း၊ ဆင်ဆာမဲ့ခိုးချပ်၊ ပွားချပ်များလျှော့နည်းပပျောက်ရေးဆောင်ရွက်ခြင်းတို့ကို ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီ အဆင့်ဆင့်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အဆင့်ဆင့်၊ ဗီဒီယိုအခြေခံအဖွဲ့ခွဲအဆင့်အဆင့်တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

မင်္ဂလာဒုံမြို့နယ်ရှိ လုပ်ငန်းရှင်များအား မင်္ဂလာဒုံမြို့နယ် ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီရုံးတွင် စုပေါင်းရုံးဖွင့်လှစ်ဆောင်ရွက်၍ နေ့ချင်းပြီး လုပ်ငန်းလိုင်စင်များ ထုတ်ပေးစဉ်။ (ရန်ကုန်တိုင်း ဗီဒီယိုလုပ်ငန်း)

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၇

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ တိုက်ကြီးမြို့နယ်သစ်တောဦးစီးဌာနတို့ ပူးပေါင်း၍ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ဇူလိုင် ၅ ရက် နံနက်ပိုင်းက တိုက်ကြီးမြို့ ဗဟိုမြေစာရင်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေး သင်တန်းကျောင်းဝင်းအတွင်း၌ကျင်းပရာ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးမန်းစိုးဟန်က ရတနာတန်းဝင်ကျွန်းပင်ကို စိုက်ပျိုးပေးပြီး ညွှန်ကြားရေးမှူး ဦးနိုင်ဝင်း၊ ညွှန်ကြားရေးမှူး ဦးစောလှိုင်နှင့် ညွှန်ကြားရေးမှူး ဦးသန်းတို့က ကျွန်းပင်နှင့် ရေတမာပင်များ အသီးသီး စိုက်ပျိုးကြသည်။

ထို့နောက် ခေတ္တညွှန်ကြားရေးမှူးချုပ်က ကျွန်းပျိုးပင် ၁၅၀၊ ယူကလစ်ပျိုးပင် ၁၅၀ စုစုပေါင်းပျိုးပင် ၃၀၀ကို သင်တန်းသားများအား ပေးအပ်ပြီး တပျော်တပါးစိုက်ပျိုးကြသည်။ (တိုင်းမြေစာရင်း)

ဖြူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း မြို့ပြလမ်းဖြစ်သော ဖြူးမြို့ အမှတ်(၁၃)လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးအောင်မြင့်ဌေး ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးတင်အောင်ဌေးနှင့် အငယ်တန်းအင်ဂျင်နီယာ-၂ ဦးဇော်မြင့်တို့ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ယောနယ်အသင်း(ရန်ကုန်) စုပေါင်းအလှူဒါနပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၇

ယောနယ်အသင်း၏ စုပေါင်းလှူဒါန်းပွဲနှင့် စွယ်တော်မြတ် စေတီတော်ပရိဝုဏ်အတွင်း တည်ဆောက်လျက်ရှိသော ယောနယ်အသင်းမှ သတ္တာဒေဝမနုဿာနံ ဓမ္မာရုံအတွက် ဒုတိယအကြိမ် အလှူငွေပေးအပ်ပွဲကို ဇူလိုင် ၂၅ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ အဘိဓမ္မ ရတနာဃရဗိမာန်တော်၌ ကျင်းပမည်ဖြစ်သည်။

အသင်းဝင်များ၊ ယောနယ်သူ၊ ယောနယ်သားများနှင့် အလှူရှင်များက အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ပါဝင်လှူဒါန်းလိုပါက အသင်းနာယက ဗိုလ်မှူးထင်မျိုး၊ ဖုန်း-၆၆၁၄၇၀၊ ၆၉၅၅၄၀၊ ဥက္ကဋ္ဌ ဦးအေးမောင် ဖုန်း-၂၄၀၆၁၄၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်မြ ဖုန်း-၃၈၆၄၄၇၊ အတွင်းရေးမှူး ဦးသာလှ ဖုန်း-၃၈၀၄၄၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ရေလှောင်ကန်ဆောက်လုပ်

ဘားအံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသည့် မြို့ရေပေးရေး လုပ်ငန်းဖြစ်သော ဘားမဲ့တောင်ပေါ်ရေဂါလန် ၈၀၀၀၀ ဆံ့ ရေလှောင်ကန် စတင်ဆောက်လုပ်နေမှုကို အမှုဆောင်အရာရှိ ဦးတင်ကိုနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

စာကြည့်တိုက်များ စံ(၅)ရပ်ညီရေး ထားဝယ်ခရိုင်၌ ဆွေးနွေး

ထားဝယ် ဇူလိုင် ၇

တနင်္သာရီတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ထွန်းနှင့် ခရိုင်ဦးစီးအရာရှိ ဦးမြင့်သန်းတို့သည် ထားဝယ်မြို့နယ် ဇဟာကျေးရွာ မြတ်ပညာစာကြည့်တိုက်၊ ရေဖြူမြို့နယ် ရလိုင်ကျေးရွာ သစ်လွင်စာကြည့်တိုက်၊ ပုဂေါ့ဇွန်းကျေးရွာ ငွေကြယ်ပွင့်စာကြည့်တိုက်၊ လောင်းလုံမြို့နယ် သာယာကုန်းကျေးရွာ အေးသာယာစာကြည့်တိုက်များသို့ မေ ၂၇ ရက်မှ ၃၀ ရက်အထိ ကွင်းဆင်း၍ ကျေးရွာစာကြည့်တိုက်များသို့ စာအုပ်များလှူဒါန်းခြင်း၊ စံ(၅)ရပ်ညီ စာကြည့်တိုက်များ စာအုပ်စာစောင်တိုးပွားရေး၊ စာဖတ်သူဦးရေတိုးပွားရေး၊ စာငှားကတ်စနစ်ကျင့်သုံးရေး၊ စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းရေး၊ စံ(၅)ရပ်မညီသေးသော စာကြည့်တိုက်များ ညီညွတ်ပြီး ရေရှည်ခိုင်မာ ရှင်သန်ဖွံ့ဖြိုးရေး ဆောင်ရွက်ရန်တို့ကို သက်ဆိုင်ရာ စာကြည့်တိုက်ကော်မတီများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံရှင်းလင်းခဲ့ပြီး ဇဟာကျေးရွာမှ ဦးရန်ကျော်မျိုးက စာကြည့်တိုက်အတွက် ငွေကျပ် ၅၀၀၀၀ တန်ဖိုးရှိ ဗီရိုတစ်လုံးအား လှူဒါန်းပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဂုဏ်ပြုမှတ်တမ်းကို ပေးအပ်သည်။

(ခရိုင်ပြန်/ဆက်)

စာအုပ်စာပေ လှူမိတ်ဆွေ

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် သီရိမင်္ဂလာဈေးသစ် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် ပြိုင်ပွဲဝင်ရောက်မည့် တိုင်းကိုယ်စားပြု ကရာတေးဒို ကစားသမားများအား တွေ့ဆုံပြီး သီရိမင်္ဂလာဈေးတည်ဆောက်မှု စစ်ဆေး

ရန်ကုန် ဇူလိုင် ၇

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) ကရာတေးဒိုပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု ကရာတေးဒို အားကစားအသင်းမှ ကစားသမားများနှင့် တွေ့ဆုံပွဲ အခမ်းအနားကို ဇူလိုင် ၅ ရက် နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် တက်ရောက်သည်။

အဆိုပါ အခမ်းအနားသို့ တပ်မတော်အရာရှိကြီးများ၊ အသင်းအုပ်ချုပ်သူနည်းပြများ၊ အားကစားသမားများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် တိုင်းမှူးက လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုစစ်ဆေး

တိုင်းမှူးသည် တာဝန်ရှိသူများ လိုက်ပါလျက် ဇူလိုင် ၆ ရက် ညနေပိုင်းတွင် လှိုင်မြို့နယ် ဘုရင့်နောင်လမ်းရှိ သီရိမင်္ဂလာဈေးသစ် တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဈေးသစ်တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး ယာယီရှင်းလင်းဆောင်၌ တာဝန်ရှိသူတစ်ဦးက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးသည် ဈေးရုံများတည်ဆောက်နေမှုနှင့် ဆိုင်ခံတံတားဆောက်လုပ်မည့်နေရာတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြ ကြသည်။

ယင်းနောက် တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၈-၇-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး တေးရေး-မောင်မောင်လတ်)
၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈း၀၀ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈း၁၀ ၇။ အကပဒေသာ
၈း၂၀ ၈။ အဆိုပြိုင်ပွဲ
၈း၃၀ ၉။ "စီးဆင်းပါစေမေတ္တာရည်"
၈း၄၀ ၁၀။ International News
၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ တေးဂီတအစီအစဉ်
၄း၂၀ ၃။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၄း၃၀ ၄။ ပြန်ကြားရေးဝန်ကြီးဌာန နိုင်ငံတော်ဆိုင်းဝိုင်းကြီး ဖျော်ဖြေတင်ဆက်မှုအစီအစဉ်
၄း၄၅ ၅။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
၄း၅၅ ၆။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ - ဒုတိယနှစ် (မြန်မာစာအထူးပြု) (မြန်မာစာ)
၅း၁၀ ၇။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၂၀ ၈။ တေးဂီတအစီအစဉ်
၅း၃၀ ၉။ "ကျော်သွားမှာလား၊ ဖော်စားမှာလား"
၅း၃၅ ၁၀။ မုဟန်သွယ်သွယ်ဆိုကြမယ်
၅း၅၅ ၁၁။ ကမ္ဘာ့ဖလားပုံရိပ်များ (အပိုင်း-၁၄)
၆း၀၀ ၁၂။ ညနေခင်းသတင်း
၆း၁၅ ၁၃။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၄။ **ပျော်ရွှင်စေသောနေ့ရက်များ "ချစ်သူကော်ဖီ" (အပိုင်း-၁၃) (ဇော်ဇော်အောင်၊ သူရလင်း၊ ညီထက်၊ဇင်မျိုး၊စုပုံချစ်) (ဒါရိုက်တာ-အောင်ကျော်သူရ)**
၆း၄၀ ၁၅။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
၇း၀၀ ၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဆူးလွှမ်းသောချစ်နှင်းဆီ" (ဒုတိယပိုင်း) (အပိုင်း-၁၄)**
၈း၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ ခေတ်အဆက်ဆက် အထိမ်းအမှတ်များ (စတူဒီယိုတေးသံရှင်များ၊ တေးရေး-မင်းချစ်သူ)
၂၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ ချစ်သူနယ်နိမိတ် ပထမပိုင်း (အပိုင်း-၁)**
၂၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်တေးသံသာ" (အပိုင်း-၅၈)**
၂၃။ အစီအစဉ်ပြီး၏။

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ၂၀၁၀ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၇

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ၂၀၁၀ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၆ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးဌာနရုံးရှေ့၌ ကျင်းပရာ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့် တက်ရောက်၍ စိန်တလုံးသရက်ပင်ကို စိုက်ပျိုးပေးသည်။

ထို့နောက် ဝန်ကြီးသည် စိုက်ကွက်များအတွင်း နှစ်ရှည်သီးပင်၊ စားပင်များစိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုအားပေးသည်။ ဆက်လက်၍ နေပြည်တော်ပင်မဓာတ်အားခွဲရုံ၌ ကျင်းပသည့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ ရောက်ရှိပြီး စိန်တလုံးသရက်ပင်ကို စိုက်ပျိုးပေး၍ ဝန်ထမ်းများ၏ သစ်ပင်စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုအားပေးသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ရုံးအမှတ်(၅၃)ရှိ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၌ ကျင်းပသည့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ ရောက်ရှိပြီး စိန်တလုံးသရက်ပင်ကို စိုက်ပျိုးပေးခဲ့သည်။ သစ်ပင်စိုက်ပျိုးပွဲသို့ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ လျှပ်စစ်စွမ်းအားဦးစီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းနှင့် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့တို့မှ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြပြီး သစ်ပင်များကို စိုက်ပျိုးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း(နေပြည်တော်)၌ စာရင်းစစ်များလုပ်ငန်းခွင်ကျွမ်းကျင်မှု သင်တန်းဆင်း

နေပြည်တော် ဇူလိုင် ၇

စာရင်းစစ်များ လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၃၂)ဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း (နေပြည်တော်)၌ ကျင်းပရာ စာရင်းစစ်ချုပ် ဦးလွန်းမောင် တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ သင်တန်းကျောင်းမှ တာဝန်ရှိသူများ၊ သင်တန်းကထိကများနှင့် သင်တန်းသား၊ သင်တန်းသူ ၁၁၈ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ နှစ်လခွဲခန့် ကြာမြင့်သည်။

အစိုးရဌာန အဖွဲ့အစည်းများမှ ဝန်ထမ်းများအတွက် ပထမအဆင့်၊ ဒုတိယအဆင့်၊ တတိယအဆင့်သင်တန်းများ၊ စာရင်းစစ်ချုပ်ရုံးမှ စာရင်းစစ်မှူးများအတွက် လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်းများ၊ ဒီပလိုမာစာရင်းကိုင်သင်တန်းများကိုလည်း စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း (နေပြည်တော်)၌ ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ ပညာရပ်ဆိုင်ရာဟောပြောဆွေးနွေးပွဲ (၂/၂၀၁၀)တွင် မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ ဥက္ကဋ္ဌ ဦးသန်းဦး ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ ပညာရပ်ဆိုင်ရာ ဟောပြောဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၇

မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ ပညာရပ်ဆိုင်ရာ ဟောပြောဆွေးနွေးပွဲ (၂/၂၀၁၀)ကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာဆောင် အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ ဥက္ကဋ္ဌ ဦးသန်းဦးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး အလုပ်အမှုဆောင် ဒေါက်တာ မျိုးသန့်တင်က စာတမ်းရှင်၏ ကိုယ်ရေးအကျဉ်းချုပ်ကို မိတ်ဆက်တင်ပြသည်။

ယင်းနောက် စာတမ်းရှင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင် တွဲဖက်အတွင်းရေးမှူး ဒေါက်တာစန်းဝင်းက Climate Change Challenges and Priorities in Myanmar ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးပြီး ပညာရှင်များ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ဥက္ကဋ္ဌက စာတမ်းရှင်အား ဂုဏ်ပြုလွှာပေးအပ်ပြီး ကျေးဇူးတင်စကားပြောကြားသည်။ (သတင်းစဉ်)

ဟသ်ာတ၌ လယ်သမားသင်တန်းဖွင့်ပွဲ ကျင်းပ

ဟသ်ာတ ဇူလိုင် ၇

ပတ်ဝန်းကျင်တည်တံ့သော စားနပ်ရိက္ခာ ဖူလုံရေးအစီအစဉ်အရ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဟသ်ာတမြို့နယ်နှင့် ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာအဖွဲ့တို့ ပူးပေါင်း၍ လယ်သမားသင်တန်း (Farmer Field School) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇွန် ၂၃ ရက်က ဟသ်ာတမြို့ အင်းဝဝယ်ကျေးရွာစိုက်ပျိုးပညာပေးစခန်း ခန်းမ၌ ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်နိုင်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးမန်နေဂျာ ဦးစိုးမြင့် **(အောက်ဝဲပုံ)**၊ မြို့နယ် ရဲတပ်ဖွဲ့မှူး၊ မြို့နယ် စိုက်ပျိုးရေးမန်နေဂျာ ဦးဌေးလွင်၊ မိုးလေဝသနှင့် ဇလဗေဒ မြို့နယ်တာဝန်ခံ ဦးအောင်ဆန်းတို့က လုပ်ငန်းဆိုင်ရာ အလိုက် ဆွေးနွေးကြသည်။

စိုက်ပျိုးဆောင်ရွက်

ဟသ်ာတမြို့နယ်၏ ၂၀၁၀-၂၀၁၁ မိုးစပါးစိုက်ပျိုးမည့်ဧကမှာ ၁၂၉၀၆၅ စိုက်ပျိုးပြီး မျိုးသန့်ပွားများရေးအတွက် မြို့ဝင်၊ မြို့ထွက် မျိုးသန့်စံပြကွက်များတွင် မျိုးသန့်ပွားများ ဆောင်ရွက်မည်ဖြစ်သည်။ ယခုနှစ်တွင် တံခွန်တိုင်မျိုးသန့်ခြံမှ မျိုးသန့်အဆင့် (၁)များဖြင့် စိုက်ပျိုး၍ မျိုးသန့်ပွားများခြင်း ယခင်နှစ် မျိုးသန့်စိုက်ပျိုးထားသော တောင်သူများက ထွက်ရှိလာသည့်မျိုးသန့်များကို တောင်သူချင်းဖလှယ်၍ စိုက်ပျိုးဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

အားကစားဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် ငါးသားပေါက်မျိုးစိုက်ထည့်ပွဲ အခမ်းအနား ကျင်းပ

နေပြည်တော် ဇူလိုင် ၇

အားကစားဝန်ကြီးဌာန၏ ၂၀၁၀ ခုနှစ် ပဉ္စမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် တစ်ဖက်ပိတ်ဆည်အတွင်းသို့ ငါးသားပေါက်မျိုးစိုက်ထည့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၇ နာရီခွဲတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန သတ်မှတ်နေရာတို့၌ကျင်းပရာ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့် တက်ရောက်၍ စိန်တလုံးသရက်ပင် ပျိုကို စိုက်ပျိုးပေးသည်။

ဆက်လက်၍ ဝန်ကြီးသည် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ အရာထမ်း၊ အမှုထမ်းများ၏ စိန်တလုံး သရက်ပင် ၅၀၀ နှင့် ကျွန်း၊ စိန်ပန်း၊ မဲဇလီပင်ပေါက် ၇၀၀ စိုက်ပျိုးနေမှု၊ ယခင် စိုက်ပျိုးထားရှိသည့် နှစ်ရှည်ပင် ၅၈၀၀၊ ပန်းအလှ အရိပ်ရပင် ၃၁၀၀ နှင့် သီးပင်၊ စားပင် ၁၆၄၆ ပင်တို့ကို မြေဆွ ပေါင်းသင်နေမှုနှင့် ကွက်လပ်ဖြည့် စိုက်ပျိုးနေမှု တို့ကို လိုက်လံကြည့်ရှုအားပေးသည်။ အားကစားဝန်ကြီးဌာနအနေဖြင့် ယနေ့ စိုက်ပျိုးသော အပင်များအပါအဝင် စုစုပေါင်း အပင်မျိုးစုံ ၁၁၇၀၀ ကျော် စိုက်ပျိုး ထားရှိပြီး ဖြစ်သည်။

ငါးမျိုးစိုက်ထည့်

ယင်းနောက် ဝန်ကြီးဦးဆောင်၍ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဝန်ထမ်းများက ငွေရောင် ငါးကြင်းသားပေါက် ၂၀၀၀၊ ငါးမြစ်ချင်းသားပေါက် ၉၀၀၀နှင့် ထိုင်း ငါးခုံးမသားပေါက် ၉၀၀၀ စုစုပေါင်း ငါးသားပေါက် ၂၀၀၀၀ တို့ကို ဝန်ကြီး ဌာနရုံး အဆောက်အအုံအနီးရှိ တစ်ဖက် ပိတ်ဆည်အတွင်းသို့ မျိုးစိုက်ထည့်ပေးကြ ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့် အားကစားဝန်ကြီး ဌာန၏ ၂၀၁၀ ခုနှစ် ပဉ္စမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် စိန် တလုံး သရက်ပင်ကို စိုက်ပျိုးပေး စဉ်။ (အား/ကာ)

ကာကွယ်ရေးဦးစီးချုပ်(လေ)တံခွန်စိုက်ဒိုင်း စစ်တုရင်ပြိုင်ပွဲဖွင့်ပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၇

ကာကွယ်ရေးဦးစီးချုပ်(လေ)တံခွန်စိုက်ဒိုင်း စစ်တုရင်ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၅ ရက် နံနက်ပိုင်းက တောင်ငူတပ်နယ်ခန်းမ၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား တောင်ငူလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး တက်ရောက်၍ အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

ထို့နောက် ပြိုင်ပွဲဝင်အသင်းသားများ၏ ယှဉ်ပြိုင်ကစားနေမှုကို လိုက်လံကြည့်ရှုအားပေးသည်။

အဆိုပါဖွင့်ပွဲသို့ တပ်မတော်(လေ)မှ အရာရှိ /စစ်သည်များ၊ တောင်ငူတပ်နယ်မှ အရာရှိ /စစ်သည်များနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြပြီး ပြိုင်ပွဲတွင် ကာကွယ်ရေးဦးစီးချုပ်(လေ)ကွပ်ကဲမှုအောက်ရှိ တပ်/ဌာနချုပ်များမှအသင်းများ ပါဝင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

(၇)ကြိမ်မြောက် အရှေ့တောင်အာရှ အသက်(၁၈)နှစ်နှင့်အောက် အမျိုးသားဘတ်စကက်ဘောပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် ဇူလိုင် ၇

အားကစားဝန်ကြီးဌာန၊ အရှေ့တောင်အာရှ ဘတ်စကက်ဘောအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော (၇)ကြိမ်မြောက် အရှေ့တောင်အာရှ အသက် (၁၈)နှစ်နှင့် အောက် အမျိုးသားဘတ်စကက်ဘော ပြိုင်ပွဲကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲ၏ ပထမပွဲစဉ်တွင် ဖိလစ်ပိုင် အသင်းက စင်ကာပူအသင်းကို ၇၈ မှတ်- ၄၀ မှတ်ဖြင့် လည်းကောင်း၊ ဒုတိယပွဲစဉ် တွင် ထိုင်းအသင်းက မြန်မာအသင်းကို ၅၈ မှတ်- ၅၂ မှတ်ဖြင့်လည်းကောင်း၊ တတိယပွဲစဉ်တွင် မလေးရှားအသင်းက လာအိုအသင်းကို ၉၇ မှတ်- ၅၃ မှတ်ဖြင့် လည်းကောင်း အနိုင်ရရှိသွားကြသည်။ ပြိုင်ပွဲကို ဇူလိုင် ၈ ရက် နံနက် ၉ နာရီ တွင် ယင်းအားကစားပြိုင်ပွဲရုံ၌ ဆက်လက် ကျင်းပမည်ဖြစ်ရာ ပထမပွဲစဉ်တွင် မြန်မာ အသင်းနှင့် စင်ကာပူအသင်း၊ ဒုတိယပွဲစဉ် တွင် ထိုင်းအသင်းနှင့် မလေးရှားအသင်း နှင့် တတိယပွဲစဉ်တွင် ဖိလစ်ပိုင်အသင်း နှင့် လာအိုအသင်းတို့ ယှဉ်ပြိုင်ကစားကြ မည်ဖြစ်သည်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်ကျော်ဖြိုး ကျန်းမာရေးဦးစီးဌာနမှူးရုံး ဖွင့်ပွဲတက်ရောက်

နေပြည်တော် ဇူလိုင် ၇

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တွဲဖက်ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးရုံးသစ် ဖွင့်ပွဲ အခမ်းအနားကို ဇွန် ၃၀ ရက် နံနက်ပိုင်းက ကျိုင်းတုံမြို့ အဆိုပါရုံးသစ် အဆောက် အအုံရှေ့၌ ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဖြိုး၊ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ တွဲဖက်ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူး၊ ပြည်နယ်ဆေးရုံအုပ်ကြီးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ တွဲဖက်ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူးက ရုံးသစ် အဆောက်အအုံ တည်ဆောက်မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆောက်လုပ်ရေး တာဝန်ခံမှ ရုံးသစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများအား တွဲဖက်ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူးထံ လွှဲပြောင်း ပေးအပ်ပြီး တာဝန်ရှိသူများက ရုံးသစ် အဆောက်အအုံကို ဖဲကြိုးဖြတ် ဖွင့်လှစ် ပေးသည်။

ထို့နောက် တိုင်းမှူးက ရုံးသစ်ဆိုင်း ဘုတ်အား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေး ပြီး တိုင်းမှူးနှင့် တက်ရောက်လာကြသူ များက ဆိုင်းဘုတ်ကို အမွှေးနံ့သာရည် များ ပက်ဖျန်းပေးပြီးနောက် အဆောက် အအုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး ကာ တာဝန်ရှိသူများ၏ တင်ပြချက်များ အပေါ် တိုင်းမှူးက လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

နှုတ်ဆက်အားပေး

ထိုမှတစ်ဆင့် တိုင်းမှူးသည် အထွေ ထွေ ရောဂါကုဆေးရုံကြီး ခုတင် (၂၀၀) အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ ဆေးရုံတက်ရောက်ကုသမှုခံယူနေကြ သည့် လူနာများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြား သည်။

ထို့နောက် တိုင်းမှူးသည် ဆေးရုံ အစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီး၊ အထူးကုဆရာဝန်ကြီးများ၊ ကျန်းမာရေး ဝန်ထမ်းများနှင့်တွေ့ဆုံ၍ တာဝန်ရှိသူ များ၏ တင်ပြချက်များအပေါ် လိုအပ် သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက် ပေးသည်။

သံယာ့ဆေးရုံ

ထို့နောက် သံယာ့ဆေးရုံ ဆောက်လုပ် သည့် လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှု စစ်ဆေးရာ တာဝန်ရှိသူတစ်ဦးက လုပ် ငန်းဆောင်ရွက်နေမှု အခြေအနေကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက လုပ်ငန်း လိုအပ်ချက်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိ သည်။

(သတင်းစဉ်)

စဉ့်ကူးမြို့နယ်၌ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

စဉ့်ကူး ဇူလိုင် ၇

မန္တလေးတိုင်း စဉ့်ကူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် မိုးရာသီသစ်ပင် စိုက်ပျိုးပွဲကို ဇူလိုင် ၂ ရက် နံနက် ၇ နာရီခွဲက စဉ့်ကူးမြို့နယ် မန္တလေး-မိုးကုတ် ကားလမ်းဘေး မိုင်တိုင်အမှတ် (၅၄/၀)နေရာ၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုင်းမောင်လူနှင့် အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းစန်းလှိုင်နှင့် အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဆွေသန်းနှင့် သစ်တောဝန်ထမ်းများ၊ ဌာန ဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများ စုစုပေါင်း ၃၆၀ တက်ရောက်၍ ရတနာ တန်းဝင် ကျွန်း ၃၀၀၊ ယူကလစ် ၃၀၀၊ တမာ ၃၀၀၊ မန်ကျည်း ၃၀၀ စုစုပေါင်း ၁၂၀၀ တို့ကို စုပေါင်း စိုက်ပျိုးပေးကြသည်။ **(အပေါ်ဝဲပုံ)** (သတင်းစဉ်)

ဂန့်ဂေါဈေးမီးဘေးကာကွယ်

ဂန့်ဂေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့မဈေး မီးဘေးကြိုတင် ကာကွယ်ရေးဆောင်ရွက်ထားရှိမှု အခြေအနေကို မကွေးတိုင်း စည်ပင် သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ကွင်းဆင်းစစ်ဆေးရာ ဈေးမီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေကို အမှုဆောင်အရာရှိ ဦးတင်စိုးဝင်း ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

နတ်ဖက်တဲ့စုံတွဲများ ဆက်လက်ပြသ

ရန်ကုန် ဇူလိုင် ၇

ဇူလိုင် ၉ ရက် သောကြာနေ့တွင် ရန်ကုန်မြို့လယ်ရုံများ၌ စိန်ငွေးရုပ်ရှင် ထုတ်လုပ်ရေးမှ ပုညခင်၏ဝတ္ထုကို ကိုရွှေမိုးသက် ဇာတ်ညွှန်းရေးသားပြီး ဒါရိုက်တာ ကိုဇော်(အရုဏ်ဦး) ရိုက်ကူးသည့် **နတ်ဖက်တဲ့စုံတွဲများ** မြန်မာ ဇာတ်ကားသစ် ဆက်လက်ပြသမည်ဖြစ် သည်။

လူ့လောကတွင် မည်မျှပင် မျှော်မှန်း ချက်ကြီးမားစွာဖြင့် လိုရာဆန္ဒပြည့်စုံ အောင် တောင့်တကြိုးစားကြသော် လည်း အလှမ်းကျယ် အလယ်လတ်တတ် ပုံ၊ စိတ်ကောင်းမထားက ချမ်းသာရာမရ တတ်ပုံကို ဟာသရောစွက် ပညာပေး

ရိုက်ကူးထားသည့် ဘဝသရုပ်ဖော် ဇာတ်ကားတစ်ကားဖြစ်သည်။ ရဲအောင်၊ ပြေတီဦး၊ နန္ဒ၊ စိုးမြတ်သူဇာ၊ အိန္ဒြာ ကျော်ဇင်၊ သက်မွန်မြင့်နှင့် သရုပ်ဆောင် များစွာပါဝင်ကြပြီး သမ္မတ၊ သွင်၊ မင်္ဂလာ နှင့် နဝဒေးရုံများတွင် ပြသမည်ဖြစ်သည်။

မြန်မာဟာသ ဇာတ်ကားတစ်ကား ဖြစ်သည့် **ဆွေတစ်ရာမောင်တစ်ကျိပ်** ဇာတ်ကားမှာ ဝဇီရာ၊ မြရတနာနှင့် လှိုင် သာယာဝဇီရာ(၂)တွင်လည်းကောင်း၊ **နတ် ဖြစ်ရတဲ့ဒုက္ခ** ဇာတ်ကားမှာ သီတာရုံတွင် လည်းကောင်း ပြသမည်ဖြစ်သည်။

နိုင်ငံခြားရုပ်ရှင်

နေပြည်တော်ရုံတွင် ဘီစီခြောက်ရာစု ခေတ် ပါရှားပြည်၏ နန်းတွင်းရေး အရှုပ် အထွေးများကို ဇာတ်လမ်းဖွဲ့ ရိုက်ကူး ထားသည့် **Prince Of Persia** သမိုင်း နောက်ခံပြု ဇာတ်ကားပြသမည်ဖြစ်သည်။

ရွှေဆောင်ရုံတွင် အီရတ်နိုင်ငံရှိ WMD ခေါ် ဖျက်အားပြင်းလက်နက်

များအားရှာဖွေရန် တာဝန်ပေးခံရသည့် အမေရိကန်ကြည်းတပ် ဗိုလ်ကြီးတစ်ဦး နှင့် စီအိုင်အေအရာရှိများကြား ပဋိပက္ခ ဖြစ်ပွားပုံကို ဇာတ်လမ်းဆင်ရိုက်ကူး ထားသည့် **Green Zone** ဇာတ်ကား ပြသမည်ဖြစ်သည်။

အိန္ဒိယရုပ်ရှင်

ဘုရင်ရုံတွင် နာမည်ကြီးသရုပ် ဆောင်မင်းသားကြီး အမိတာဘဂျမ်း ပါဝင်သည့် ALADID ဇာတ်ကားပြသ မည်ဖြစ်သည်။

နာမည်ကြီး အိန္ဒိယသရုပ်ဆောင် ဆန်ဂျေးဒတ်နှင့် အာရှေးကူးမားတို့ ခေါင်းဆောင်ပါဝင်သည့် BLUE အိန္ဒိယ ဇာတ်ကားသစ်မှာ မကြာမီ ရုံတင်တော့ မည်ဖြစ်သည်။ (ကြေးမုံ)

နတ်ဖက်တဲ့စုံတွဲများ ဇာတ်ကားမှ နန္ဒနှင့် သက်မွန်မြင့်။ (ကြေးမုံ)

စိုက်ပျိုးမြေဧရိယာ ဧက ၁၀၈၀၀၀ ကို စိုက်ပျိုးရေ ပေးဝေလျက်ရှိသော စေတုတ္တရာမြို့နယ်ရှိ မုန်းချောင်းတမံ။

✻တန်ဖိုးမဖြတ်နိုင်သည့်မှ

၁၉၈၈ခုနှစ်ကာလတွင် မြန်မာနိုင်ငံ၏ စိုက်ပျိုးမြေဧရိယာဧကအနေဖြင့် ၂၃ ဒသမ ၈သန်းကျော်သာရှိခဲ့ပြီး မြေလွတ်မြေရိုင်းဧက ၂၆ ဒသမ ၁ သန်းခန့် ကျန်နေသေးသည်။ ထိုစဉ်က စပါးစိုက် ဧက ၁၁ ဒသမ ၈သန်းကျော်မျှသာရှိခဲ့သောကြောင့် စိုက်ပျိုးရေးစွမ်းအားကျဆင်းခဲ့ကာ စပါးထုတ်လုပ်မှုသည် တင်းသန်းပေါင်း ၆၃၀ ကျော်၌ တန့်နေခဲ့သည်။

၁၉၈၈ခုနှစ် မတိုင်မီ ဆည်တမံပေါင်း ၁၃၈ခုသာရှိပြီး ယင်းဆည်တမံများမှာလည်း အရွယ်အစားသေးငယ်သည့် ဆည်ငယ်၊ ကန်ငယ်အများစုပင်ဖြစ်သည်။ မြစ်ရေတင်စီမံကိန်းများ မရှိခဲ့သည့်အတွက်လည်း ရေသွင်းစိုက်ဧက ၁ ဒသမ ၃သန်းသာ အသုံးချနိုင်ခဲ့သည်။

ရာသီမရွေး

ယခင်က မိုးရေတစ်ခုတည်းကိုသာအားထားပြီး စိုက်ပျိုးကြရသည်ဖြစ်ရာ မိုးနှောင်းတွင် မိုးမရွာသဖြင့် အောင်ရေမရဘဲ ပျက်စီးဆုံးရှုံးခဲ့ကာ စပါးများအထွက်နှုန်းကျဆင်းခဲ့ရသည်။ မိုးတစ်သီးကိုပင် မိုးကောင်းမှ စိုက်ပျိုးနိုင်သည့် အခြေအနေဖြစ်ခဲ့သည်။

အချို့ဒေသများအနေဖြင့် မိုးရွာသွန်းမှုများပြီး နှစ်စဉ်ရေကြီးနစ်မြုပ်မှုကြောင့် ရေနက်ကွင်းဧရိယာ သတ်မှတ်ကာ မိုးရာသီကုန်ဆုံးချိန်မှသာ စိုက်ပျိုးရသည့်အတွက် အောင်မြင်သင့်သလောက် အောင်မြင်ခဲ့ခြင်း မရှိသည်ကို တွေ့ရသည်။ ရေရရှိမှု၊ မရရှိမှုအပေါ် မူတည်၍ စပါးအထွက်နှုန်းသည်လည်း ထက်ဝက်ခန့် ကွာခြားခဲ့သည်။

ထို့ကြောင့် ဆန်စပါးလုပ်ငန်းအပါအဝင် ဘက်ပေါင်းစုံတိုးချဲ့ပြီး ရာသီမရွေး စိုက်ပျိုးနိုင်အောင် ဆည်တမံနှင့် ရေထိန်းတံခါးများ၊ မြစ်ရေတင်စီမံကိန်းများနှင့် မြေအောက်ရေရရှိရေး အစီအမံများကို အမြောက်အမြား တည်ဆောက်ပေးခဲ့ပြီးဖြစ်သည်။

ဆည်တမံ

ဆည်မြောင်း တာတမံများ တည်ဆောက်ကာ ရေသိုလှောင်၍လည်းကောင်း၊ မြေအောက်ရေကို စက်ဖြင့်စုပ်တင်၍ လည်းကောင်း၊ အဝီစိတွင်းရေများတူး၍ လည်းကောင်း စိုက်ပျိုးရေရရှိရေး နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်ခဲ့သည်။

ပြည်နယ်နှင့် တိုင်းအလိုက် ၁၉၈၈ခုနှစ်နောက်ပိုင်းမှ ယနေ့ကာလအထိ တည်ဆောက်ပြီးစီးခဲ့သည့် ဆည်တမံနှင့် ရေထိန်းတံခါးများအနေဖြင့် ကယားပြည်နယ်တွင် နှစ်ခု၊ ကရင်ပြည်နယ်တွင် တစ်ခု၊ ချင်းပြည်နယ်တွင် တစ်ခု၊ စစ်ကိုင်းတိုင်းတွင် ၂၆ခု၊ တနင်္သာရီတိုင်းတွင် တစ်ခု၊ ပဲခူးတိုင်းတွင် ၄၈ခု၊ မကွေးတိုင်းတွင် ၄၇ခု၊ မန္တလေးတိုင်းတွင် ၅၅ခု၊ မွန်ပြည်နယ်တွင် ၁၁ခု၊ ရခိုင်ပြည်နယ်တွင် ခြောက်ခု၊ ရန်ကုန်တိုင်း တွင် ၁၉ခု၊ ရှမ်းပြည်နယ်တွင် ခြောက်ခု နှင့် ဧရာဝတီတိုင်းတွင် ကိုးခု စုစုပေါင်း ၂၃၂ခု ရှိခဲ့ပြီး အကျိုးပြုဧရိယာ ဧကပေါင်း ၂၈၂၇၀၇၆ ဧကအထိ တိုးတက်လာခဲ့ပြီဖြစ်သည်။

မြစ်ရေတင်

ဆည်တမံများ တည်ဆောက်ရန် ခက်ခဲသည့် နေရာဒေသများ၌ စိုက်ပျိုးရေ ရရှိရေးအတွက် အထူးစီမံကိန်း ၂၁ခုအပါအဝင် မြစ်ရေတင်လုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာတွင် လျှပ်စစ်မြစ်ရေတင် လုပ်ငန်း ၁၃၁ခု၊ အကျိုးပြုဧက ၃၅၁၈၃၀နှင့် ဒီဇယ်အင်ဂျင် မြစ်ရေတင်လုပ်ငန်း ၁၉၁ခု၊ အကျိုးပြုဧက ၁၁၅၁၉၈ ဧကတို့ကို တည်ဆောက်ပေးခဲ့ပြီး ဖြစ်သည်။

ပြည်နယ်နှင့် တိုင်းအလိုက် ၁၉၈၈ခုနှစ်နောက်ပိုင်းမှ ယနေ့ကာလအထိ ဆောင်ရွက်ပြီးစီးခဲ့သည့် မြစ်ရေတင်လုပ်ငန်း အရေအတွက်အားဖြင့် ကချင်ပြည်နယ်တွင် ငါးခု၊ ကယားပြည်နယ်တွင် သုံးခု၊ ကရင်ပြည်နယ်တွင် ခြောက်ခု၊ စစ်ကိုင်းတိုင်းတွင် ၅၅ခု၊ တနင်္သာရီတိုင်းတွင် ၁၁ခု၊ ပဲခူးတိုင်းတွင် ၅၆ခု၊ မကွေးတိုင်းတွင် ၅၁ခု၊ မန္တလေးတိုင်းတွင် ၇၅ခု၊ မွန်ပြည်နယ်တွင် ငါးခု၊ ရခိုင်ပြည်နယ်တွင် လေးခု၊ ရန်ကုန်တိုင်းတွင် ၂၃ခု၊ ရှမ်းပြည်နယ်တွင် လေးခုနှင့် ဧရာဝတီတိုင်းတွင် ၂၄ခု စုစုပေါင်း ၃၂၂ခုရှိခဲ့ပြီး အကျိုးပြုဧရိယာ ဧကပေါင်း ၄၆၇၀၂၈ဧကအထိ တိုးတက်အကျိုးပြုနိုင်ခဲ့ပြီဖြစ်သည်။

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးမြို့နယ် ဒါးဆိပ်ကျေးရွာရှိ ဒါးဆိပ်မြစ်ရေတင် စီမံကိန်းကို တွေ့ရစဉ်။

မြေအောက်ရေ

၁၉၈၈ခုနှစ်နောက်ပိုင်းမှ ယနေ့ကာလအထိ မြေအောက်ရေ ထုတ်ယူသုံးစွဲရေး လုပ်ငန်းများအနေဖြင့် စိုက်ပျိုးမြေဧက၉၈၃၃၅ ဧကကို ရေပေးဝေနိုင်သော တွင်းတိမ်စက်ရေတွင်း ၂၉၇၉တွင်းနှင့် တွင်းနက် ၅၀၃၃တွင်း စုစုပေါင်း ရေတွင်း ၈၀၁၂တွင်းကို ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်သည်။

ထို့အတူ ချောင်းမြောင်းတမံပိတ်ဆို့ပေးမှု၊ လက်ရိုက်တွင်း၊ ရေလျှံတွင်း တူးဖော်ပေးမှုများသည်လည်း ဆည်မြောင်းလက်တံမရောက်နိုင်သော စိုက်ပျိုးမြေဧရိယာဧက ၁၈၄၅၇၀အတွက်

စိုက်ပျိုးရေစုစည်း ရရှိစေခဲ့သည်။ ထို့ကြောင့် ဆည်တမံနှင့် ရေထိန်းတံခါး၊ မြစ်ရေတင်၊ မြေအောက်ရေလုပ်ငန်းများအနေဖြင့် ရေသွင်းစိုက်ပျိုးမှုအတွက် စုစုပေါင်း စိုက်ပျိုးဧရိယာ ဧကပေါင်း ၃ ဒသမ ၈သန်းကျော်ကို အထောက်အကူပြုပေးနိုင်ခဲ့သည်။

ပိုမိုသာလွန်

၁၉၈၈ခုနှစ် မတိုင်မီအခြေအနေများနှင့် လက်ရှိ နိုင်ငံတော်အစိုးရလက်ထက် တာဝန်ယူဆောင်ရွက်နေသည့် ၁၉၈၈ခုနှစ်နောက်ပိုင်းကာလအခြေအနေများကိုနှိုင်းယှဉ်ကြည့်ပါက လက်ရှိဆောင်ရွက်ချက်များက ဖွံ့ဖြိုးတိုးတက်မှုအနေဖြင့် များစွာပိုမိုသာလွန်နေသည်ကိုတွေ့ရမည်ဖြစ်သည်။

စိုက်ပျိုးမြေဧကအရဆိုလျှင် ယခင်က ၂၃ ဒသမ ၈ သန်းကျော်

ရွာဖွေဖော်ထုတ်

နိုင်ငံတော်အစိုးရသည် ပြည်တွင်းစားသုံးမှု ဖူလုံစေရေးအတွက်လည်းကောင်း၊ ပိုလျှံသီးနှံများပြည်ပသို့ တင်ပို့ရောင်းချခြင်းဖြင့် နိုင်ငံတော်အတွက် ဝင်ငွေရရှိစေရေးအတွက် လည်းကောင်း၊ ဒေသအတွင်း လူမှုရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ခြင်းဖြင့် လူနေမှုအဆင့်အတန်း မြင့်မားလာစေရေးအတွက် လည်းကောင်း ဆန်စပါးနှင့် သီးနှံအမျိုးမျိုးကို စိုက်ပျိုးထုတ်လုပ်လျက် ရှိပြီး "မြေပိုအသုံးကျဖို့ ရေကိုအသုံးချရမည်"ဆိုသည့်အတိုင်း လိုအပ်သော စိုက်ပျိုးရေ ရရှိရေးအတွက်လည်း နည်းလမ်းပေါင်းစုံဖြင့် ရွာဖွေဖော်ထုတ် ကြိုးပမ်းလျက်ရှိသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် နမ္မတူမြို့နယ် မုံးရင်ကျေးရွာအနီး တည်ဆောက်ပေးထားသည့် မုံးရင်ရေလှောင်တမံကို တွေ့ရစဉ်။

သည့် မြစ်ရေတင်လုပ်ငန်း အရေအတွက်အားဖြင့် ကချင်ပြည်နယ်တွင် ငါးခု၊ ကယားပြည်နယ်တွင် သုံးခု၊ ကရင်ပြည်နယ်တွင် ခြောက်ခု၊ စစ်ကိုင်းတိုင်းတွင် ၅၅ခု၊ တနင်္သာရီတိုင်းတွင် ၁၁ခု၊ ပဲခူးတိုင်းတွင် ၅၆ခု၊ မကွေးတိုင်းတွင် ၅၁ခု၊ မန္တလေးတိုင်းတွင် ၇၅ခု၊ မွန်ပြည်နယ်တွင် ငါးခု၊ ရခိုင်ပြည်နယ်တွင် လေးခု၊ ရန်ကုန်တိုင်းတွင် ၂၃ခု၊ ရှမ်းပြည်နယ်တွင် လေးခုနှင့် ဧရာဝတီတိုင်းတွင် ၂၄ခု စုစုပေါင်း ၃၂၂ခုရှိခဲ့ပြီး အကျိုးပြုဧရိယာ ဧကပေါင်း ၄၆၇၀၂၈ဧကအထိ တိုးတက်အကျိုးပြုနိုင်ခဲ့ပြီဖြစ်သည်။

စစ်ကိုင်းတိုင်း ပုလဲမြို့နယ် ကန့်ဒေါင့်ကျေးရွာအနီးရှိ ကန့်ဒေါင့်ရေလှောင်တမံကို တွေ့ရစဉ်။

မြေအောက်ရေ

၁၉၈၈ခုနှစ်နောက်ပိုင်းမှ ယနေ့ကာလအထိ မြေအောက်ရေ ထုတ်ယူသုံးစွဲရေး လုပ်ငန်းများအနေဖြင့် စိုက်ပျိုးမြေဧက၉၈၃၃၅ ဧကကို ရေပေးဝေနိုင်သော တွင်းတိမ်စက်ရေတွင်း ၂၉၇၉တွင်းနှင့် တွင်းနက် ၅၀၃၃တွင်း စုစုပေါင်း ရေတွင်း ၈၀၁၂တွင်းကို ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်သည်။

ထို့အတူ ချောင်းမြောင်းတမံပိတ်ဆို့ပေးမှု၊ လက်ရိုက်တွင်း၊ ရေလျှံတွင်း တူးဖော်ပေးမှုများသည်လည်း ဆည်မြောင်းလက်တံ မရောက်နိုင်သော စိုက်ပျိုးမြေဧရိယာဧက ၁၈၄၅၇၀အတွက် စိုက်ပျိုးရေစုစည်း ရရှိစေခဲ့သည်။

မြန်အောင်မြို့နယ်တွင် တည်ဆောက်ထားသည့် မမြရေလှောင်တမံနှင့် ရေထိန်းမျှော်စင်ကို တွေ့ရစဉ်။

ထို့ကြောင့် ဆည်တမံနှင့် ရေထိန်းတံခါး၊ မြစ်ရေတင်၊ မြေအောက်ရေလုပ်ငန်းများအနေဖြင့် ရေသွင်းစိုက်ပျိုးမှုအတွက် စုစုပေါင်း စိုက်ပျိုးဧရိယာ ဧကပေါင်း ၃ ဒသမ ၈သန်းကျော်ကို အထောက်အကူပြုပေးနိုင်ခဲ့သည်။

ပိုမိုသာလွန်

၁၉၈၈ခုနှစ် မတိုင်မီအခြေအနေများနှင့် လက်ရှိ နိုင်ငံတော်အစိုးရလက်ထက် တာဝန်ယူဆောင်ရွက်နေသည့် ၁၉၈၈ခုနှစ်နောက်ပိုင်းကာလအခြေအနေများကိုနှိုင်းယှဉ်ကြည့်ပါက လက်ရှိဆောင်ရွက်ချက်များက ဖွံ့ဖြိုးတိုးတက်မှုအနေဖြင့် များစွာပိုမိုသာလွန်နေသည်ကိုတွေ့ရမည်ဖြစ်သည်။

စိုက်ပျိုးမြေဧကအရဆိုလျှင် ယခင်က ၂၃ ဒသမ ၈ သန်းကျော်သာရှိခဲ့ပြီး လက်ရှိ နိုင်ငံတော် အစိုးရလက်ထက်တွင် ၅၃ ဒသမ ၁သန်းကျော်အထိရှိပြီဖြစ်သောကြောင့် ၂၉ ဒသမ ၃သန်းကျော် တိုးတက်မှု ရှိခဲ့သည်။

မြေလွတ်မြေရိုင်းဧကအနေဖြင့် ယခင်က ၂၆ ဒသမ ၁သန်း ကျန်ရှိနေခဲ့သော်လည်း လက်ရှိ နိုင်ငံတော် အစိုးရလက်ထက်တွင် ၁၁ ဒသမ၅ သန်းကို စိုက်ပျိုးမြေအဖြစ် ဖော်ထုတ်အသုံးချနိုင်ခဲ့သည့်အတွက် ၁၄ ဒသမ ၆သန်းသာ မြေလွတ်မြေရိုင်းအဖြစ် ကျန်ရှိတော့ကြောင်း တွေ့ရသည်။

စပါးစိုက်ဧကကို ကြည့်မည်ဆိုလျှင်လည်း ယခင်က ၁၁ဒသမ၈ သန်းကျော်သာရှိပြီး လက်ရှိကာလတွင် မိုးစပါးစိုက်ပျိုးဧက ၁၇ သန်းကျော်နှင့်နွေစပါးစိုက်ပျိုးဧက ကိုးသိန်းကျော်ရှိသဖြင့် စုစုပေါင်း ၁၈ သန်းနီးပါးရှိရာ ခြောက်သန်းကျော်တိုးတက်မှုရှိခဲ့သည်။

ရေသွင်းစိုက်ပျိုးနိုင်မှု အနေဖြင့် ယခင်က ဧက ၁ဒသမ ၃သန်းကျော်သာရှိပြီး လက်ရှိတွင် ၃ ဒသမ ၈ သန်းကျော်အထိ ရှိလာသောကြောင့် နှစ်သန်းကျော်တိုးတက်မှုရှိခဲ့သည်။

သီးထပ်စိုက်ပျိုးမှုဧကကို နှိုင်းယှဉ်ကြည့်မည်ဆိုလျှင်လည်း ယခင်က ၃ ဒသမ ၈သန်းသာရှိပြီး ယခုအခါ သန်း၂၀နီးပါး ရှိလာသဖြင့် ၁၆ သန်းခန့်တိုးတက်မှုရှိခဲ့သည်။

ဆန်စပါး ထွက်ရှိမှုအနေဖြင့် ယခင်က စပါးတင်းသန်းပေါင်း ၆၃၀ကျော်သာထွက်ရှိပြီး လက်ရှိအခြေအနေတွင် စပါးတင်းသန်းပေါင်း ၁၅၆၀ကျော်ထွက်ရှိသည့်အတွက် စပါးတင်းသန်းပေါင်း ၉၃၀ ကျော် တိုးတက်မှုရှိခဲ့သည်။

ဒေသဝမ်းစာဖူလုံမှုအရဆိုလျှင် ယခင်က ၁၀၂ရာခိုင်နှုန်း သာရှိခဲ့ပြီး လက်ရှိ နိုင်ငံတော်အစိုးရလက်ထက်တွင် ၁၇၃ရာခိုင်နှုန်း ရှိသဖြင့် ၇၁ရာခိုင်နှုန်းတိုးတက်မှုရှိခဲ့သည်။

ထို့အပြင် လက်ရှိ နိုင်ငံတော် အစိုးရလက်ထက်တွင် ကုန်းမြင့်လယ်ယာဖော်ထုတ်ပေးခဲ့မှုအနေဖြင့် ဧကပေါင်း ၂၆၀၀၀ ကျော် တိုးတက်လာခဲ့သည်ကို လည်း တွေ့ရှိရသည်။

ဆက်လက်တည်ဆောက်ဆဲ

နိုင်ငံတော်အနေဖြင့် ဆည်တမံစီမံကိန်းများကို ရပ်တန့်မထားဘဲ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိကြရာ ဆက်လက်တည်ဆောက်ဆဲ ဆည်တမံစီမံကိန်း ၂၆ ခု ရှိသည်။

ထိုစီမံကိန်းများအနေဖြင့် ကချင်ပြည်နယ် ရွှေကူတွင် တစ်ခု၊ ကရင်ပြည်နယ် လှိုင်းဘွဲ့တွင် တစ်ခု၊ စစ်ကိုင်းတိုင်း ကလေး၊ အရာတော်၊ ဘုတလင်နှင့် ကန့်ဘလူ တို့တွင် ခြောက်ခု၊ တနင်္သာရီတိုင်း ထားဝယ်တွင် တစ်ခု၊ ပဲခူးတိုင်း ဖြူး၊ ပဲခူးနှင့် ဝေါတို့တွင် သုံးခု၊ မကွေးတိုင်း ပွင့်ဖြူ၊ ဂန့်ဂေါ၊ စေတုတ္တရာနှင့် မြိုင်တို့တွင် ငါးခု၊ မန္တလေးတိုင်း မတ္တရာ၊ ပျဉ်းမနား၊ ပြင်ဦးလွင်နှင့် စမ်းတွင်းတို့တွင် ငါးခု၊ မွန်ပြည်နယ် ကျိုက်ထိုတွင် တစ်ခု၊ ရှမ်းပြည်နယ် ရွာငံနှင့် ရပ်စောက်တို့တွင် နှစ်ခုနှင့် ဧရာဝတီတိုင်း အင်္ဂပူတွင် တစ်ခု စုစုပေါင်း ၂၆ခုဖြစ်ပြီး စီမံကိန်းများ ပြီးစီးပါက အကျိုးပြုစိုက်ပျိုး ဧရိယာသည်လည်း ဧကပေါင်း ၁၂၃၆၈၉၀ ထပ်မံ တိုးတက်လာမည်ဖြစ်သည်။

စစ်ကိုင်းတိုင်းသည် ပူပြင်းခြောက်သွေ့ပြီး ရေရှားပါးသည့် ဒေသဖြစ်သော်လည်း ယခုအခါ မြစ်ရေတင် စီမံကိန်းများဖြင့် နွေစပါး၊ မိုးစပါးများကို စိုက်ပျိုးနိုင်ပြီ ဖြစ်သည်။

ဦးစားပေးဆောင်ရွက်

အလားတူ ဆက်လက် တည်ဆောက်မည့် ဆည်မြောင်းစီမံကိန်းများအနေဖြင့် စီမံကိန်းပေါင်း ၁၀၀ လျာထားသတ်မှတ်ထားရှိပြီး မြေပုံလေ့လာခြင်း၊ စူးစမ်းလေ့လာမှု ဆောင်ရွက်ခြင်း၊ ဇလဗေဒ စူးစမ်းလေ့လာခြင်း၊ မြေပြင်တိုင်းတာခြင်း၊ ဒီဇိုင်းပုံစံရေးဆွဲခြင်း၊ တမံအူကြောင်းအသစ် ထပ်မံရွေးချယ်ခြင်း၊ စူးစမ်းလေ့လာပြီး အထူးစီမံကိန်းသို့တင်ပြခြင်း အစရှိသည့်လုပ်ငန်းစဉ်များကိုဆောင်ရွက်လျက်ရှိသည်။

ထိုစီမံကိန်း ၁၀၀ထဲမှ မွန်ပြည်နယ် ကျိုက်ထို၊ သထုံနှင့် ဘီးလင်းတို့တွင် သုံးခု၊ မန္တလေးတိုင်း တောင်သာ၊ ရမည်းသင်း၊ ကျောက်ဆည်နှင့် မတ္တရာတို့တွင် လေးခု၊ စစ်ကိုင်းတိုင်း ဝန်းသို၊ ကန့်ဘလူ၊ မော်လိုက်နှင့် ဒီပဲယင်းတို့တွင် လေးခု၊ မကွေးတိုင်း ဂန့်ဂေါတွင် တစ်ခု နှင့် ဧရာဝတီတိုင်း ရေကြည်တွင် တစ်ခု စုစုပေါင်း ၁၃ ခုကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ပြီး စီမံကိန်းပြီးစီးပါက အကျိုးပြုဧရိယာ ဧက ၃၈၀၀၀ ထပ်မံတိုးတက်လာမည် ဖြစ်သည်။

ကျန်ရှိသည့် စီမံကိန်း ၈၇ ခုဖြစ်သည့် ကချင်ပြည်နယ် မြစ်ကြီးနားနှင့် မိုးညှင်းတို့တွင် နှစ်ခု၊ ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးနှင့် သံတောင်တို့တွင် နှစ်ခု၊ ချင်းပြည်နယ် ဟားခါးတွင် နှစ်ခု၊ စစ်ကိုင်းတိုင်း ကလေး၊ ခင်ဦး၊ အရာတော်၊ တန့်ဆည်နှင့် ထီးချိုင့်တို့တွင် ကိုးခု၊ တနင်္သာရီတိုင်း ရေဖြူနှင့် ထားဝယ်တို့တွင် နှစ်ခု၊ ပဲခူးတိုင်း ကျောက်ကြီး၊ အုတ်တွင်း၊ တောင်ငူ၊ သဲကုန်း၊ ပဲခူးနှင့် ပေါက်ခေါင်းတို့တွင် ကိုးခု၊ မကွေးတိုင်း ဂန့်ဂေါ၊ ထီးလင်း၊ မြို့သစ်၊ ပွင့်ဖြူ၊ ဆော၊ ပေါက်နှင့် မြို့သစ်တို့တွင် ကိုးခု၊ မန္တလေးတိုင်း တောင်သာ၊ တပ်ကုန်း၊ သပိတ်ကျင်းနှင့် ပုသိမ်ကြီးတို့တွင် ခြောက်ခု၊ မွန်ပြည်နယ်၊ သံဖြူဇရပ်၊ မုဒုံ၊ ချောင်းဆုံ၊ သထုံနှင့် ဘီးလင်းတို့တွင် အခု၂၀၊ ရခိုင်ပြည်နယ် သံတွဲ၊ တောင်ကုတ်၊ မြောက်ဦး၊ မင်းပြား၊ ရမ်းဗြဲ၊ ဘူးသီးတောင်၊ မောင်တောနှင့် ကျောက်တော်တို့တွင် ၁၂ခု၊ ရှမ်းပြည်နယ် မိုးမိတ်၊ မိုင်းဆတ်၊ ကျိုင်းတုံ၊ လားရှိုး၊ နောင်ချို၊ တာချီလိတ်နှင့် လင်းခေးတို့တွင် ၁၀ခု၊ ဧရာဝတီတိုင်း လေးမျက်နှာ၊ ကြံခင်းနှင့် ရေကြည်တို့တွင် လေးခုတို့နှင့် ပတ်သက်ပြီး စီမံကိန်းဆိုင်ရာ လုပ်ငန်းများ လေ့လာဆဲဖြစ်ပြီး အကယ်၍ စီမံကိန်းများ ဆောင်ရွက်ပြီးစီးပါက အကျိုးပြုဧရိယာ ဧက ၃၅၇၃၈၀ ထပ်မံတိုးတက်လာမည်ဖြစ်သည်။

အရှည်လျားဆုံး

၁၉၈၈ ခုနှစ် နောက်ပိုင်း တည်ဆောက်ပေးခဲ့သော ဆည်

စာမျက်နှာ ၁၀ ကော်လံ ၁ သို့☆

မကွေးတိုင်း ဂန့်ဂေါခရိုင် ကျောက်ထုမြို့နယ်အတွင်း မကွေးတိုင်း ဆည်မြောင်းဦးစီးဌာနက စိုက်ပျိုးရေ ရရှိရေးအတွက် တာဝန်ယူ တည်ဆောက်ပေးခဲ့သည့် သန်းဥချောက် ရေလှောင်တမံကို တွေ့ရစဉ်။ (သတင်းစဉ်)

☆စာမျက်နှာ ၉ မှ

တမံများအနက် ၂၀၁၀ ခုနှစ် ဧပြီလ ၁၇ ရက်နေ့တွင် ဖွင့်လှစ်ခဲ့သည့် စစ်ကိုင်းတိုင်း ကျွန်းလှမြို့နယ်မှ သဖန်းဆိပ်ရေလှောင်တမံကြီးမှာ မြန်မာနိုင်ငံ၌ အကြီးဆုံးနှင့် အရှေ့တောင်အာရှတွင် အရှည်လျားဆုံး ဆည်တမံကြီးဖြစ်သည်။ ကုန်းတွင်းပင်လယ်ငယ်ဟုပင် တင်စားခေါ်တွင်ခံရသည့် ယင်း ဆည်တမံကြီးမှာ တမံအမြင့် ၁၀၈ ပေ၊ တမံအလျား လေးမိုင်ကျော်ရှိကာ စိုက်ပျိုးမြေဧရိယာ ဧက ငါးသိန်းကျော်ကို စိုက်ပျိုးရေ ပေးဝေလျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်း ကျောက်ဆည်မြို့နယ်မှ ကင်းတားရေလှောင်တမံ၊ စစ်ကိုင်းတိုင်း ကျွန်းလှမြို့နယ်မှ ကင်းတပ်ရေလှောင်တမံ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ်မှ ဇော်ဂျီ ရေလှောင်တမံ၊ မကွေးတိုင်း စေတုတ္တရာမြို့နယ်မှ မုန်းချောင်းရေလှောင်တမံ၊ ပဲခူးတိုင်းအတွင်း ကျောက်တံခါးမြို့နယ်မှ ရဲနွယ်ရေလှောင်တမံ၊ အုတ်တွင်းမြို့နယ်မှ ခပေါင်းရေလှောင်တမံ၊ နတ်တလင်းမြို့နယ်မှ တောင်ညိုရေလှောင်တမံ၊ သာယာဝတီမြို့နယ်မှ သုံးဆယ်ရေလှောင်တမံနှင့် ပေါင်းတည်မြို့နယ်မှ ဝဲကြီးရေလှောင်တမံများသည်လည်း မြန်မာနိုင်ငံ၌ စိုက်ပျိုးရေအများဆုံး ပေးဝေနိုင်သော ထင်ရှားသည့် ရေလှောင်တမံကြီးများပင်ဖြစ်သည်။

ဖြစ်ထွန်းအောင်မြင်

ဆည်တမံ တည်ဆောက်ရေးလုပ်ငန်းများကို ငွေကြေးအင်အား၊ လူအင်အား၊ စက်ပစ္စည်းအင်အား အလုံးအရင်းဖြင့် ပြည်တွင်းအင်ဂျင်နီယာများ ပူးပေါင်း၍ တည်ဆောက်ခဲ့ကြရာ နိုင်ငံအနှံ့ ဆည်တမံများ အစုအဖွဲ့အလိုက် တည်ရှိနေပြီဖြစ်သည်။

ဆည်များတည်ဆောက်ပေးခြင်းအားဖြင့် မူလက စပါးစိုက်ဧကနည်းနေရာမှ ယခုအခါ စပါးစိုက်ဧကများလာပြီး ဒေသဝမ်းစာဖူလုံမှုများကို များစွာအထောက်အကူပြုနိုင်မည် ဖြစ်သည်။

မြစ်ရေကိုစုပ်ယူတင်ကာ လယ်မြေများသို့ ပေးဝေခဲ့ရာ မြစ်ရေတွင်ပါဝင်သော နုန်းမြေများက လယ်မြေများတွင်တင်ကျန်ပြီး တဖြည်းဖြည်း မြေဆီမြေနှစ်များဖြစ်ကာ စပါးစိုက်ပျိုးနိုင်သည့် လယ်မြေအဖြစ်သို့ ပြောင်းလဲ၍ မိုးစပါး၊ နွေစပါး ဖြစ်ထွန်းအောင်မြင်နေပြီဖြစ်သည်။ လယ်ယာကဏ္ဍ တိုးတက်စေရေးအတွက် စပါးစိုက်ပျိုးထုတ်လုပ်မှုကို နှစ်ဆတိုးအောင် ကြိုးစားလျက် ပြည်တွင်း၌ ဖူလုံရုံမက ပြည်ပသို့ပါ ရောင်းချနိုင်အောင် ကြိုးပမ်းမြှင့်တင်သွားကြရမည်ဖြစ်သည်။

တိုးပွားစည်ပင်

မိုးလွန်လျှင် ထွန်ချ၍မရသည့် ဘဝကို ကျော်လွှားလွန်မြောက်နိုင်ရန်အတွက် နိုင်ငံတော်အစိုးရသည် ခိုင်မာလေးနက်သည့် ရပ်တည်မှု၊ မှန်ကန်သည့် တွေးခေါ် မြော်မြင်မှု၊ ပီပြင်သည့် စီမံဖော်ဆောင်မှုများနှင့်အတူ ကြိုးပမ်းအားထုတ်ပြီး အလုပ်နှင့် သက်သေပြနိုင်ခဲ့သည်။

တိုင်းရင်းသားပြည်သူများအကျိုးစီးပွား ခံစားရရှိနိုင်စေရန်အတွက် နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ဦးဆောင်သည့် အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ လမ်းညွှန်ကြပ်မတ်မှုဖြင့် တစ်လလျှင် တံတား တစ်စင်း၊ တစ်နှစ်တွင် ဆည်တမံ ၁၂ ခုနှုန်းနှင့် စွမ်းအားအပြည့်သုံးပြီး ခြယ်မှုန်းပေးခဲ့ရာ မြန်မာ့မြေပုံသစ်မှာ ဆည်သစ် တမံသစ်၊ လယ်သစ် ရွာသစ် မြို့သစ်များ တိုးပွားစည်ပင်အလှဆင်နိုင်ခဲ့ပြီ ဖြစ်သည်။

အာရှတိုက်၏စပါးကျီ

မိုးစပါးဧက ၁၇ သန်းကျော်၊ နွေစပါးဧက ကိုးသိန်းကျော် စုစုပေါင်း ဧက ၁၈ သန်းနီးပါးအပြင် သီးထပ်စိုက်ဧကကိုလည်း ဧက သန်း၂၀ နီးပါး စိုက်ပျိုးနိုင်ခဲ့သဖြင့် စပါးတင်းသန်းပေါင်း ၁၅၆၀ ကျော် အထိ စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့ကာ အာရှတိုက်၏ စပါးကျီတစ်ခုအဖြစ် ခေါင်းမော်နိုင်နေပြီဖြစ်သည်။ ပဲမျိုးစုံ စိုက်ဧကကိုလည်း တိုးတက်စိုက်ပျိုးခဲ့သည်။

ထို့ကြောင့် ပြည်ပပို့ကုန် ပဲမျိုးစုံ၊ ဆီထွက်သီးနှံနှင့် စက်မှုကုန်ကြမ်းသီးနှံစိုက်ပျိုးထုတ်လုပ်မှုပါ တစ်ဟုန်ထိုး တိုးတက်လာခဲ့သည်။ လက်ရှိအစိုးရတာဝန်ယူခဲ့ရသည့်နှစ်ပေါင်း ၂၀ ကျော် အချိန်တိုအတွင်း၌ မြန်မာနိုင်ငံသည် ဆန်စပါး ထုတ်လုပ်မှု မြင့်မားသည့် နိုင်ငံတစ်နိုင်ငံဖြစ်လာပြီး ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်တင်ပို့မှုအနေဖြင့်လည်း အာဆီယံနိုင်ငံများအတွင်းမှာ ဦးဆောင်မှုအခန်းကဏ္ဍကို ရောက်ရှိလာခဲ့သည်။ ယခုကဲ့သို့ ဖြစ်လာရခြင်းသည် နိုင်ငံတော်အစိုးရအနေဖြင့် နောင်တွင်ဖြစ်ပေါ်လာမည့် လူဦးရေသန်း ၁၀၀ ကျော်၏ စားဝတ်နေရေးဘဝများအတွက် ကြိုတင်မြော်တွေးပြီး ဆောင်ရွက်ပေးနေခြင်းကြောင့်သာဖြစ်သည်။

တည်ဆောက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ပေးခဲ့ခြင်းဖြင့် ဒေသအတွင်း သီးနှံပိုမိုထုတ်လုပ်မှု တိုးတက်လာ၍ တောင်သူတစ်ဦးချင်း ဝင်ငွေတိုးတက်လာပြီး ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ပိုမိုမြင့်မား တိုးတက်လာခဲ့ပြီဖြစ်သည်။ ယခုကဲ့သို့ မိုးစပါးအပြင် နွေစပါးအတွက်ပါ စိုက်ပျိုးရေ ဖူလုံစွာပေးနိုင်ခဲ့မှုသည် နိုင်ငံတော်၏ စေတနာအစစ်အမှန်ဖြစ်ကြောင်း သဘောပေါက်နားလည်စေလိုသည်။

ပံ့ဖော်ပေး

နိုင်ငံတော်အတွင်း စီးဆင်းသည့် မြစ်ချောင်းများမှာ နှစ်စဉ်ရေဧကပေသန်း ၈၇၀ ရှိသော်လည်း စိုက်ပျိုးမှုအတွက် ၆ ရာခိုင်နှုန်းသာ အသုံးချနိုင်သေးသည်။ ထို့ကြောင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် ရေသယံဇာတ အရင်းအမြစ်များ တိုးမြှင့်ဖော်ထုတ်အသုံးချနိုင်အောင် ဆည်မြောင်း တာတမံအသစ်များ တည်ဆောက်ခြင်း၊ ရေဝေရေလဲဧရိယာမှ စီးဆင်းသည့်ရေများကို အပြည့်အဝ သိုလှောင်အသုံးချရေး စီမံဆောင်ရွက်ပေးခြင်း၊ တည်ဆောက်ပြီး ဆည်မြောင်းတာတမံများမှ ဆည်ရေကို ထိရောက်စွာ ပေးသွင်းနိုင်ရန်နှင့် ရေပိုမို သိုလှောင်နိုင်ရန်ပြုပြင်ခြင်း၊ မြစ်ချောင်းများမှ ရေလျှံချိန်တွင် အင်းအိုင်ချိုင့်ဝှမ်းများအတွင်းသို့ ရေသွင်း သိုလှောင်ထားရှိခြင်း၊ မြစ်ချောင်းများမှရေကို ရေစုပ်စက်ဖြင့် စုပ်တင်ခြင်း၊ မြေအောက်ရေ ထုတ်ယူသုံးစွဲခြင်းနည်းလမ်းများဖြင့် ပံ့ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

တပ်မတော်အစိုးရလက်ထက် တိုးတက်ဆောင်ရွက်ပေးခဲ့သည့် စိုက်ပျိုးရေရရှိမှု အကျိုးပြုဧကများ

အမျိုးအမည်	ရေတွက်ပုံ	မြန်မာမင်းများ လက်ထက်မှ ၁၉၈၈ ထိ	၂၀၁၀	တိုးတက်မှု
ဆည်၊ကန်၊တာတမံ				
- ဆောင်ရွက်ပြီးလုပ်ငန်း	ခု	၁၃၈	၃၇၀	၂၃၂
- ဆောင်ရွက်ဆဲလုပ်ငန်း		-	၂၆	၂၆
အကျိုးပြုဧရိယာ	ဧက	၁၃၃၆၁၉၉	၄၁၆၃၂၇၅	၂၈၂၇၀၇၆
မြစ်ရေတင်နှင့် မြေအောက်ရေလုပ်ငန်း (မြစ်ရေတင်)				
- ဆောင်ရွက်ပြီးလုပ်ငန်း	ခု	-	၃၂၂	၃၂၂
အကျိုးပြုဧရိယာ	ဧက	-	၄၆၇၀၂၈	၄၆၇၀၂၈
မြေအောက်ရေတွင်း	ခု	-	၈၀၁၂	၈၀၁၂
- အကျိုးပြုဧရိယာ	ဧက	-	၉၈၃၃၅	၉၈၃၃၅
မြစ်ရေတင်/မြေအောက်ရေ				
- ဆောင်ရွက်မည့်လုပ်ငန်း	ခု	-	၄၁	၄၁
အကျိုးပြုဧရိယာ	ဧက	-	၂၆၂၇၈၁	၂၆၂၇၈၁
ချောင်းမြောင်းတမံပိတ်ဆို့မှု				
အကျိုးပြုဧရိယာ	ဧက	-	၁၈၄၅၇၀	၁၈၄၅၇၀

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်နှင့် တိုင်းအလိုက် တည်ဆောက်ဆဲ ဆည်တမံစီမံကိန်းများ

စဉ်	ပြည်နယ်/တိုင်း	ဆည်တမံ အရေအတွက်	အကျိုးပြုဧရိယာ (ဧက)	ရေသိုလှောင် ပမာဏ (ဧကပေ)	ရေအားလျှပ်စစ် ပမာဏ
၁	ကချင်	၁	၅၀၀၀	၂၂၅၈၆	-
၂	ကရင်	၁	၃၀၀၀	၃၆၀၀၀	-
၃	စစ်ကိုင်း	၆	၁၀၆၄၅၅၀	၂၇၅၅၀၈၀၉	၁၅၈၄ မဂ္ဂါဝပ်
၄	တနင်္သာရီ	၁	၃၂၀၀	၂၂၀၇၈၀	၅. ၀ မဂ္ဂါဝပ်
၅	ပဲခူး	၃	၁၁၇၀၀၀	၈၄၈၅၃၀	၄၀ မဂ္ဂါဝပ်
၆	မကွေး	၅	၁၂၈၄၀	၂၄၇၄၉၇၁	၃၀၆ မဂ္ဂါဝပ်
၇	မန္တလေး	၅	၆၄၀၀	၆၀၃၈၀၀	၆၀. ၃၀ မဂ္ဂါဝပ်
၈	မွန်	၁	-	၁၆၈၀၀	-
၉	ရှမ်း	၂	-	၇၀၄၉၀၀	၃၆. ၀၀ မဂ္ဂါဝပ်
၁၀	ရာဝတီ	၁	၂၅၀၀၀	၁၄၈၈၀၀	၅ မဂ္ဂါဝပ်
	စုစုပေါင်း	**၂၆**	**၁၂၃၆၉၉၀**	**၃၂၆၂၇၉၇၆**	**၂၀၃၆. ၃၀ မဂ္ဂါဝပ်**

မဇ္ဈိမဒေသ ဝါဆိုသင်္ကန်း လှူဒါန်းနိုင်

နေပြည်တော်　　ဇူလိုင်　၇

အိန္ဒိယသမ္မတနိုင်ငံ ပရဒေသီသံဃနာယကအဖွဲ့၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော မြန်မာဘုန်းတော်ကြီးကျောင်း ၁၁ ကျောင်းနှင့် တက္ကသိုလ်ရှစ်ခုတို့၌ ဝါဆိုတော်မူကြသော မြန်မာရဟန်းတော် ၃၄၈ ပါးနှင့် ဝေးလံခေါင်းပါးသော အာသံ-တြိပူရ-မဏိပူရဒေသများရှိ မြန်မာဘုန်းတော်ကြီးကျောင်းများ၌ သီတင်းသုံးတော်မူကြသော သံဃာတော်အပါး ၄၀၀ ကျော် စုစုပေါင်းဝါဆိုသံဃာ ၇၄၈ ပါးခန့်တို့အတွက် မဇ္ဈိမဒေသ(၃၂)ကြိမ်မြောက် ဝါဆိုသင်္ကန်းများကို ဇူလိုင် ၂၅ ရက်နောက်ဆုံးထား၍ လှူဒါန်းနိုင်ကြောင်းနှင့် ဆက်သွယ်လှူဒါန်းလိုပါက **မဇ္ဈိမဒေသသာသနာပြုအဖွဲ့** အမှတ်(၁၃-က) ငါးထပ်ကြီးဘုရားလမ်း (ရုပ်ရှင်အစည်းအရုံးအနီး) ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၄၅၂၁၅၊ ၀၁-၅၄၅၂၁၆၊ ၀၁-၅၅၅၁၇၃၊ **ဗုဒ္ဓ ဓမ္မ ဒါန စေတနာရှင်များအဖွဲ့** (ရွှေမြင်တင်ဦးညို) အမှတ်(၁၂) မြို့သစ်(၁)လမ်း ကျောက်မြောင်း တာမွေမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၄၂၂၃၆၊ **ဒါနဗုဒ္ဓဂယာ ဘုရားဖူးအဖွဲ့** YUZANA BUSINESS TOWER အခန်း-၃၀၃ ၃-လွှာ ဓာတ်လှေကား အမှတ်(၂) ဓမ္မစေတီလမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၁၆၁၃၄၈၊ ၀၁-၇၂၇၇၄၆၊ ၀၉-၅၀၀၁၇၆၁၊ ၀၉-၈၀၂၁၅၄၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။　(သတင်းစဉ်)

❖ နေစွမ်းအင်မှ

တစ်စီး၏ အလေးချိန်မျှသာရှိသော်လည်း လေယာဉ်၏ တောင်ပံမှာမူ အကြီးစားခရီးသည်တင်လေယာဉ်၏ တောင်ပံအရွယ်ဖြစ်သည်။

နေရောင်ခြည်စွမ်းအင်သုံး လေယာဉ်ကို လွန်ခဲ့သည့်ရက်သတ္တပတ်က စမ်းသပ်ရန်စီစဉ်ထားခဲ့သော်လည်း နည်းပညာဆိုင်ရာပြဿနာကြောင့် စမ်းသပ်မည့်အစီအစဉ်ကို ရက်ရွှေ့ဆိုင်းခဲ့သည်။

၂၆၂ ဒသမ ၅ ပေ (မီတာ ၈၀) အရှည်ရှိ တောင်ပံတပ်ဆင်ထားသော အဆိုပါလေယာဉ်ကို ဆွစ်ဇာလန် နိုင်ငံ ပေယန်းမြို့ရှိ လေယာဉ်ကွင်းမှ ဒေသစံတော်ချိန် နံနက် ၇ နာရီထိုးခါနီးတွင် ပျံတက်ခဲ့သည်။

လေယာဉ်မှူး အင်ဒရေဘော့ချ်ဘတ်သည် နေရောင်ခြည်စွမ်းအင်သုံး လေယာဉ်ကို အမြင့်ပေ ၂၇၉၀၀ (မီတာ ၈၅၀၀) အထိ ပျံတက်စေမည်ဖြစ်ကြောင်း၊ လေယာဉ်ပေါ်ရှိ ဘက်ထရီအိုးများတွင် သိုလှောင်ထားသော စွမ်းအင်ဖြင့် ညဘက်တွင် ဆက်လက်မောင်းနှင်နိုင်ခြင်း ရှိ၊ မရှိ လေယာဉ်မှူးက ဆုံးဖြတ်ရမည်ဖြစ်ကြောင်း စမ်းသပ်ပျံသန်းရေးအဖွဲ့က ပြောကြားသည်။

ဆိုလာဆဲလ်အချပ်ပေါင်း ၁၂၀၀၀ တပ်ဆင်ထားသော အဆိုပါ လေယာဉ်ကိုစမ်းသပ်ရန် Solar Impulse ဟု အမည်ပေးထားသော စီမံကိန်းကို အကောင်အထည်ဖော်လျက်ရှိသည်။ ယင်းစီမံကိန်းကို လေကြောင်း စွန့်စားတီထွင်သူ ဘော့ချ်ဘတ်နှင့် ဘာထရန် ပစ်ကတ်တို့က ဦးဆောင်သည်။

အင်တာနက်။

ပြည်တွင်းရေကြောင်း (သံလွင်ဌာနခွဲ) ဝန်ထမ်းသားသမီးများ ပညာသင်စရိတ် ထောက်ပံ့

မော်လမြိုင်　ဇူလိုင်　၇

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းသံလွင်ဌာန၏ ၂၀၁၀ - ၂၀၁၁ ပညာသင်နှစ် ဝန်ထမ်းသားသမီးများ ပညာသင်စရိတ်ထောက်ပံ့ခြင်း၊ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်သူများ ဆုချီးမြှင့်ခြင်းနှင့် သက်ပြည့်ပင်စင် ဝန်ထမ်းကောင်းတစ်ဦးအား ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားကို ဇူလိုင် ၅ ရက်က လက်ထောက်အထွေထွေမန်နေဂျာ ရုံးခန်း၌ ကျင်းပသည်။

အခမ်းအနားတွင် လက်ထောက်အထွေထွေမန်နေဂျာ ဦးကျော်ဆန်းဝင်းက အမှာစကားပြောကြားပြီး ပညာသင်စရိတ်ထောက်ပံ့ ငွေကျပ် ၃၉၀၀၀၀ နှင့် ဂုဏ်ထူးရကျောင်းသူနှစ်ဦးအား ဆုများချီးမြှင့်ပေးအပ်သည်။ (ပြည်နယ်ပြန်/ဆက်)

❀ ကျော့ဖုံးမှ

သုံးပွဲဆက် နိုင်ပွဲပျောက်ဆုံးခဲ့ရသည်။ ရတနာပုံအသင်းမှာ ယခုပွဲတွင် ဦးဆောင်ဂိုးရရှိခဲ့သော်လည်း ခြေစွမ်းပိုင်းအရ အကောင်းဆုံးပုံစံမရရှိခဲ့ခြင်း၊ မကွေးအသင်း၏ တိုက်စစ်ကို မဟန့်တားနိုင်ခဲ့ခြင်းကြောင့် အရှုံးနှင့်ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။ ၂၀၀၉ ပြိုင်ပွဲတွင် တတိယဆုရရှိခဲ့သည့် ကစားသမားများကို အမာခံထားပြီး အသင်းလိုက် အတွဲမိနေသည့် မကွေးအသင်းမှာ ယနေ့ပွဲတွင် ခြေစွမ်းပြကာ နိုင်ပွဲပြန်ရခဲ့ခြင်းဖြစ်သည်။

ပွဲအစတစ်မိနစ်တွင် ရဲကိုဦးက ပယ်နယ်တီမှတစ်ဆင့် ရတနာပုံအသင်းအတွက် ဦးဆောင်ဂိုးစတင် သွင်းယူခဲ့သော်လည်း နောက်ပိုင်းတွင် မကွေးက ပွဲကို စိုးမိုးသွားခဲ့သည်။ မကွေးအသင်းမှာ ချေပဂိုး ပြန်လည်ရရှိရန် တိုက်စစ်အားမြှင့်သွားခဲ့ပြီး တိုက်စစ်မှူး မျိုးဇော်ဦးက ၄၃ မိနစ်တွင် ချေပဂိုးနှင့် ၄၆ မိနစ်တွင် အနိုင်ဂိုးတို့ သွင်းယူပေးခဲ့သည်။ ရတနာပုံအသင်းမှာ ဒုတိယပိုင်းတွင် ချေပဂိုး ရရှိရန် ကြိုးစားသော်လည်း ၅ မိနစ်တွင် မိုးမြင့်သူ အနီကတ်ဖြင့် အထုတ်ခံရပြီး တစ်ယောက်လျော့ဖြင့် ကစားခဲ့ရသည်။ ၆၇ မိနစ်တွင် ထွန်းထွန်းဝင်း အပိုင်ကန်သွင်းခွင့်ရသော်လည်း မကွေးနောက်ခံလူနှင့် ထိထွက်သွား၍ ရတနာပုံ ချေပဂိုးနှင့် ဝေးခဲ့ရသည်။

(အောင်ဆန်းကွင်း)

Southem Myanmar-နှစ်ဂိုး

(ရန်နိုင်ထွေး)

ဥဿာယူနိုက်တက်-နှစ်ဂိုး

(နိုင်ထက်အောင်နှင့် ဇော်မျိုးထက်)

(ယနေ့ပွဲ)

(သုဝဏ္ဏကွင်း)

ဇေယျာရွှေမြေ-ရန်ကုန်ယူနိုက်တက်

(အောင်ဆန်းကွင်း)

ဇွဲကပင်-Delta United

မကွေး တိုက်စစ်ကို ရတနာပုံ ဂိုးသမား သူရကိုကို ကာကွယ်စဉ်။

ပုဏ္ဏားကျွန်း ထွေ/အုပ် ပညာသင်ထောက်ပံ့ကြေးပေးအပ်

ပုဏ္ဏားကျွန်း　ဇူလိုင်　၇

စစ်တွေခရိုင် ပုဏ္ဏားကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများအား ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် ပညာသင်စရိတ်ထောက်ပံ့ကြေးပေးအပ်ပွဲကို ဇွန် ၃၀ ရက် နံနက် ၉ နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဦးရာဇ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဦးက ပညာသင်စရိတ်ထောက်ပံ့ရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး ဝန်ထမ်း ၁၂၇ ဦး၏ သားသမီး ၆၀ အတွက် ငွေကျပ် ၄၉၆၅၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့သည်။

(အောက်ပုံ) (မြို့နယ်ပြန်/ဆက်)

မုတ်သုံလေ အားအသင့်အတင့် ရှိမည်

နေပြည်တော်　ဇူလိုင်　၇

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲ၊ တနင်္သာရီတိုင်းတွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ရှမ်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ။ ။ နေပြည်တော်ပျဉ်းမနားတွင် သုည ဒသမ ၄၃ လက်မ၊ ဘီးလင်းမြို့တွင် ၆ ဒသမ ၁၈ လက်မ၊ မိုင်းဆတ်မြို့ တွင် ၃ ဒသမ ၆၆ လက်မ၊ သံတောင်ကြီးမြို့တွင် ၂ ဒသမ ၇၂ လက်မ၊ ပင်လောင်းမြို့တွင် ၂ ဒသမ ၂၀ လက်မ၊ ခန္တီးမြို့တွင် ၂ ဒသမ ၀၅ လက်မ၊ သိမ်ဇရပ်မြို့တွင် ၁ ဒသမ ၈၅ လက်မနှင့် မင်းဘူးမြို့တွင် ၁ ဒသမ ၁၀ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အသင့်အတင့်ရှိနေသည်။

ဇူလိုင် ၈ ရက် ညနေအထိ ခန့်မှန်းချက် ။ ။ ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် နေရာကွက်ကျား၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြားနှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက် ။ ။ မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။



ပဲခူးတိုင်း (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးနေဦးနှင့်အဖွဲ့ ဇွန် ၉ ရက်က လက်ပံတန်းမြို့နယ် မြို့မဈေးကြီးအတွင်း မီးဘေးအန္တရာယ် ကာကွယ်ရေးအတွက် ဆောင်ရွက်ထားရှိမှုကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအေးဝင်း ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဇွန် ၁၂ ရက်က ထားဝယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးကြီးတွင် မီးဘေးကြိုတင် ကာကွယ်ရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေကို တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုး ကြည့်ရှုစစ်ဆေးရာ ထားဝယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ကျော်စိုး ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

လှိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် ပြင်ဆင်ဆောင်ရွက်မည့် ဘာဒိုကျေးရွာတံတားအခြေအနေကို ကယားပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့် လှိုင်ကော်မြို့နယ် စည်ပင်သာယာရေး အမှုဆောင်အရာရှိတို့ ကွင်းဆင်းစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီး မီးဘေးလုံခြုံရေးအတွက် လုံခြုံရေးမီးသီးသန့် ဆောင်ရွက်ထားရှိမှုနှင့် လျှပ်စစ်ဝါယာကြိုးများကြံ့ခိုင်မှု ရှိ မရှိတို့ကို မြို့နယ်စည်ပင်သာယာရေး အဖွဲ့အမှုဆောင်အရာရှိ ဦးသိန်းထိုက်ဦး၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးခင်မောင်ညွှန့်နှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးကိုကိုဦးတို့ ပူးပေါင်း၍ ကွင်းဆင်းစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

သတိပေးနှိုးဆော်ချက်

ရန်ကုန်မြို့အတွင်း သွားလာလျက်ရှိသည့် အချို့မော်တော်ယာဉ်များသည် ယာယီနံပါတ် အမျိုးမျိုးအား တပ်ဆင်သွားလာလျက်ရှိကြောင်း တွေ့ရှိရပါသည်။ ထိုသို့ သွားလာလျက်ရှိရာတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သတ်မှတ်ပေးထားသည့် စက်မှုဇုန်ထုတ် ယာယီနံပါတ်ခွင့်ပြုကာလ နှစ်လ၊ လေလံနံပါတ် ခွင့်ပြုကာလ သုံးလကိုသာ တပ်ဆင်၍ စည်းကမ်းသတ်မှတ်ချက်နှင့်အညီ သွားလာကြရန်နှင့် သတ်မှတ်ထုတ်ပေးထားခြင်း မရှိသော ယာယီနံပါတ်များ တပ်ဆင်မောင်းနှင်နေခြင်းအား စစ်ဆေးတွေ့ရှိပါက ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ

တစ်လပြည့်ဆွမ်းအလှူတရားတော်နာဖိတ်ကြားလွှာ

ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ ကျောက်ရေတွင်း(မြောက်ပိုင်း)၊ အမှတ်(၅)ရပ်ကွက်၊ သီရိမင်္ဂလာတောရကျောင်းဆရာတော် ဘဒ္ဒန္တအရိယဝံသ ဝါတော်(၆၄)ဝါ သက်တော်(၈၄)နှစ်

၁၃၇၂ခုနှစ်၊ နယုန်လပြည့်ကျော်(၁၄)ရက်၊ ၁၀-၆-၂၀၁၀ ရက် (ကြာသပတေးနေ့) ညနေ ၅း၄၀ နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူသော ဆရာတော်ကြီးအား ရည်စူး၍ ၁၃၇၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော်(၁၄)ရက်၊ ၁၀-၇-၂၀၁၀ ရက် (စနေနေ့)တွင် ဘုရားအမှူးရှိသော ပင့်သံဃာတော် အရှင်သူမြတ်တို့အား နေ့ဆွမ်းအစရှိသော ဒါတဗ္ဗဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်း အမျှပေးဝေလိုပါသောကြောင့် ရပ်ဝေး၊ ရပ်နီးမှ ဒါယကာ၊ ဒါယိကာမများအား အသိပေးအကြောင်းကြားအပ်ပါသည်။ **(တပည့်၊ ဒါယကာ၊ ဒါယိကာမများ)**

သီရိမင်္ဂလာတောရကျောင်း၊ ကျောက်ရေတွင်း၊ မရမ်းကုန်းမြို့နယ်

သတိပေးနှိုးဆော်ချက်

ယာဉ်မတော်တဆဖြစ်ပွားမှုများအား လေ့လာရာတွင် ယာဉ်မောင်းသူတို့၏ပေါ့ဆမှုတို့ကြောင့် ဖြစ်ပွားသကဲ့သို့ လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များ၏ စည်းကမ်းမလိုက်နာမှုများကြောင့်လည်း ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါသည်။

လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် ယာဉ်များအတွက် မီးစိမ်းထားချိန်တွင် လမ်းသွားလမ်းလာများအနေဖြင့် လမ်းဖြတ်ကူးခြင်းမပြုဘဲ စောင့်ဆိုင်းရန်နှင့် ယာဉ်များမှလည်း လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် အရှိန်လျှော့မောင်းနှင်ရန် လိုအပ်ပါသည်။

လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များ အနေဖြင့်လည်း လူကူးမျဉ်းကျားမှသာ အချက်ပြထိန်းသိမ်းမှုအတိုင်း စနစ်တကျ လမ်းဖြတ်ကူးကြရန်နှင့် အချက်ပြ ထိန်းသိမ်းမှုမရှိသောနေရာများမှ လမ်းကူးပါက **"ဘယ်ကြည့်၊ ညာကြည့်၊ ဘယ်ပြန်ကြည့်၊ ညာပြန်ကြည့် လမ်းရှင်းမှကူး"** စနစ်ဖြင့် သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

အစ်မကြီး ဒေါ်ခင်မူ (ကြီးမေ)အားရည်စူး၍ ရန်ကုန်မြို့ ရွှေတောင်ကြားလမ်း ရွှေတောင်ကြား (၂)ရပ်ကွက် ဗဟန်းမြို့နယ်နေ ဦးအုန်းကျော် - ဒေါ်ကြည်ကြည်ပြုံး၊ သား-ထွန်းထွန်းဝင်း၊ သမီး-ဆုယဉ်မွန် မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရငွေပဒေသာပင် အလှူငွေကျပ် ၁၀သိန်း ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးသိန်းအောင် လက်ခံစဉ်။

(သတင်းစဉ်)

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တဝိဇ္ဇာလင်္ကာရ (အဂ္ဂမဟာပဏ္ဍိတ)

ပရိယတ္တိပဋိပတ္တိမကျော် သာသနဓဇသိရိပဝရ ဓမ္မာစရိယ

သိက္ခာတော် (၆၀)၊ သက်တော် (၈၀)

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ ဥယျာဉ်တိုက် မဟာမြိုင်ဘုန်းဘုရားစာသင်တိုက်၏ ပဓာနနာယကဆရာတော်ဖြစ်တော်မူသော ဘဒ္ဒန္တဝိဇ္ဇာလင်္ကာရ မဟာထေရ်ကြီးသည် (၁၃၇၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၉ ရက်) ၅-၇-၂၀၁၀ ရက် (တနင်္လာနေ့) နံနက် ၁၁း၄၅ နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၂ ခုနှစ်၊ ပထမဝါဆိုလကွယ်နေ့) ၁၁-၇-၂၀၁၀ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်၌ အန္တိမစျာပနသာဓုကီဠန ပူဇာသဘင် ဆင်ယင်ကျင်းပမည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအပ်ပါသည်။ မဟာမြိုင်ဘုန်းဘုရားစာသင်တိုက်မှ ကားများ မွန်းလွဲ (၁)နာရီတွင် ထွက်ပါမည်။

တပည့်ဒါယကာ၊ ဒါယိကာမများ

Computer **အိမ်အရောက်သင်ပေးသည်**

-C++,C#, MS Access, Database, VB.net, Java(Basic,Advanced) Web Developer(Ecommerce) ASP,ASP.net (C#.net),Java (J2EE) (A+or Networking ပညာဒါန)

Ph:384224

ကားရောင်းမည်

လေးဘီး ဘီ - 600

၃/က---

ဖုန်း-01-380693

ညှိနှိုင်းဈေးပွဲစားမလို

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် မတလ/၇၉၉၈၀ Honda Dream ယာဉ်လက်ဝယ်ရှိသူ အမည် ဒေါ်မေနွယ်ထွန်း မှတ်ပုံတင်အမှတ်[၉/ပမန(နိုင်)၁၆၆၃၀၄]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညနခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

ဖခင်အမည်မှန်

နေပြည်တော်လယ်ဝေး၊ ပတ္တာစံပြကျေးရွာနေ မောင်ထိန်ထိန်ဝင်း တက္ကသိုလ်ဝင်တန်းအောင်နှင့် မောင်ထိန်ထိန်လင်း အဌမတန်း(A) အထက(၂) လယ်ဝေးတို့၏ ဖခင်အမည်မှန်မှာ ဦးမောင်အေး(ခ)ဦးယဉ်အေးဖြစ်ပါကြောင်း။

ဦးမောင်အေး (ခ) ဦးယဉ်အေး [၉/လဝန(နိုင်)၁၁၅၀၁၁]

ရောင်းမည်

HILUX 82. MODEL ဓာတ်ဆီ 3/-4 ချိတ်၊ ဘီလိယက်ခုံ (5x10) (6x12)

Ph:09-5039542

အထူးကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်း

တောင်ကြီးမြို့၊ ရတနာသီရိရပ်၊ ပုလဲလမ်းနှင့် မဟူရာလမ်းထောင့်နေ ဒေါ်နန်းကျင်ခမ်းမှ တောင်ကြီးမြို့ ကန်ရှေ့ရပ်၊ ကုန်သည်လမ်း၊ အမှတ်(၁၅၅)နေ ဦးဘဖြူ [၁၃/တကန(နိုင်)၀၁၉၅၀၄] ထံသို့ လွှဲအပ်ထားသော ၆-၁၀-၂၀၀၉ ရက်စွဲပါ အထူးကိုယ်စားလှယ်လွှဲစာ အမှတ် (၂၃၆/၂၀၀၉)အား ပြန်လည်ရုပ်သိမ်းကြောင်း ကြော်ငြာအပ်ပါသည်။ **ဒေါ်နန်းကျင်ခမ်း [၁၃/တကန(နိုင်)၀၂၄၀၅၅]**

မီး သတိပြု

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

နေပြည်တော်လယ်ဝေး၊ သဲကောကြီးရွာနေ ဦးချစ်ယုံ-ဒေါ်စီတို့၏ သမီး မမာမာမွေ့ [၉/လဝန(နိုင်)၂၂၃၀၀၃]သည် မိဘ မောင်နှမများ သဘောမတူသောကိစ္စ ပြုမူဆောင်ရွက်သွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စများကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

(ဘ)-ဦးချစ်ယုံ (LWE-၀၁၅၂၈၇)

(မိ)-ဒေါ်စီ[၉/လဝန(နိုင်)၀၆၂၅၂၅]



မူးယစ်ကင်းစင် အလှဆင်

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့်ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အင် တာ နက် စွမ်း အင် နည်း ပ ညာ သ တင်း

နေစွမ်းအင်သုံးလေယာဉ် ဆွစ်ဇာလန်၌ စမ်းသပ်ပျံသန်း

ဘာသာပြန်-သတင်းလုလင်

ဂျီနီဗာ ဇူလိုင် ၇

ဆွစ်ဇာလန်နိုင်ငံတွင် ဇူလိုင် ၇ ရက်က နေရောင်ခြည်စွမ်းအင်သုံး လေယာဉ်တစ်စင်းဖြင့် ၂၄ နာရီကြာ ပျံသန်းရန် စမ်းသပ်မှုတစ်ရပ်ကို ပြုလုပ်ခဲ့ကြောင်း စမ်းသပ်ပျံသန်းရေးအဖွဲ့က ပြောကြားသည်။

နေရောင်ခြည်စွမ်းအင်သုံး လေယာဉ်စမ်းသပ်မှု၏ ရည်ရွယ်ချက်မှာ ယင်းလေယာဉ်ကို ညဘက်တွင် အသုံးပြုနိုင်ခြင်း ရှိ၊ မရှိ သိရှိနိုင်ရန်ဖြစ်သည်။

အဆိုပါလေယာဉ်ကို HB-SIA ဟုအမည်ပေးထားသည်။ ယင်းလေယာဉ်၏ တောင်ပံပေါ်၌ ဆိုလာဆဲလ်များတပ်ဆင်ထားပြီး ဝေဟင်အတွင်း ၂၄ နာရီကြာ ပျံသန်းရာတွင် လိုအပ်မည့်နေရောင်ခြည်စွမ်းအင်ကို ထုတ်လုပ်ပေးနိုင်စွမ်းရှိကြောင်း စမ်းသပ်ပျံသန်းရေးအဖွဲ့က ပြောကြားသည်။

HB-SIA လေယာဉ်၏ အလေးချိန်မှာ မိသားစုတစ်စု စီးနင်းလိုက်ပါနိုင်သော မော်တော်ကား

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❖



နေရောင်ခြည်စွမ်းအင်သုံး လေယာဉ်ကို စမ်းသပ်ပျံသန်းစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မကွေးအနိုင်ရပြီး ဥသျှောင်နှင့် Southern တို့ သရေကျ

ရန်ကုန် ဇူလိုင် ၇

၂၀၁၀ MNL အရန်အသင်းများ အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၃)ကို ယနေ့ညနေ ၄ နာရီက သုဝဏ္ဏကွင်း၌ ကျင်းပရာ မကွေးအသင်းက ရတနာပုံအသင်းကို နှစ်ဂိုး - တစ်ဂိုးဖြင့် နိုင်ပြီး အောင်ဆန်းကွင်း၌ ဥသျှောင်ယူနိုက်တက်နှင့် Southern Myanmar တို့ နှစ်ဂိုးစီ သရေကျသွားသည်။

(သုဝဏ္ဏကွင်း)

မကွေးအသင်း - နှစ်ဂိုး

(မျိုးဇော်ဦး)

ရတနာပုံအသင်း - တစ်ဂိုး

(ရဲကိုဦး - ပယ်နယ်တီ)

အဖွင့်ပွဲစဉ်တွင် ဇေယျာရွှေမြေနှင့် သရေ၊ ဒုတိယပွဲတွင် ဥသျှောင်ယူနိုက်တက်အသင်းကို ဂိုးပြတ်ရှုံးနိမ့်ထားသည့် ရတနာပုံအသင်းမှာ ယခုပွဲတွင်လည်း မကွေးအသင်းကို ထပ်မံရှုံးနိမ့်ကာ

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❁